www.burmeseclassic.com

# မောင်လှမျိုး

။ချင်းချောင်းခြံ။

## နှလုံးသားအစားထိုးကုသနည်း

နှင့်

## ရင်တွင်းဖွဲ့ဝေဒနာများ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်း
စီစဉ်သည်

စိန်သရဖူ
၁၇၆၀
အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၁၇၅၂

# နှလုံးသားအစားထိုးကုသနည်း
## နှင့်
# ရင်တွင်းဖွဲ့ဝေဒနာများ

မောင်လှမျိုး (ချင်းချောင်းခြံ)



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၇၅၀၇၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၀၀၀၅၁၂
ထုတ်ဝေသည့်ကာလ - ၂၀၁၂ ခုနှစ်၊ ဇွန်လ
စာအုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ကွန်ပျူတာ - ပြည့်ဖြိုး
မျက်နှာဖုံးဒီဇိုင်း - မင်းမြင့်နိုင်

**ထုတ်ဝေသူ**

ဒေါ်တင်တင်အုန်း (၀၃၇၄၈) စိန်သရဖူစာပေ
အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်မြို့နယ်။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**

ဦးကျင်ရင် (၀၅၄၁၇)(ရွှေခြသေ့်ပုံနှိပ်တိုက်)
(၂၂၅)၊ အခန်း-၂၊ (၃၁)လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

၈၉၅ .၈၃
လှမျိုး၊ မောင် (ချင်းချောင်းခြံ)
နှလုံးသားအစားထိုးကုသနည်းနှင့်ရင်တွင်းဖွဲ့ဝေဒနာများ/ မောင်လှမျိုး
(ချင်းချောင်းခြံ) – ရန်ကုန်။
စိန်သရဖူစာပေ ၊ ၂၀၁၂ ။
၂၂၀ – စာ ၊ ၁၁ .၉ × ၁၇ .၅ စင်တီ။
(၁) နှလုံးသားအစားထိုးကုသနည်းနှင့်ရင်တွင်းဖွဲ့ဝေဒနာများ

တင်တင်အုန်း
စီစဉ်သည်

**စိန်သရဖူ**
စာပေ

အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၁၇၅၂

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# နှလုံးသားအစားထိုးကုသနည်း

## နှင့်

# ရင်တွင်းဖွဲ့ဒေဝနာများ

**မောင်လှမျိုး** (ချင်းချောင်းမြဲ)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| (၁) | အသည်းကွဲသူများ (အားလုံး)...သို့ ရင်ဖွင့်ပေးစာ | ၇ |
| (၂) | နလုံးသား အစားထိုးကုသ,နည်း | ၂၇ |
| (၃) | ကိုယ့်အကြောင်းနဲ့ကိုယ် | ၅၃ |
| (၄) | မုန်းသူများနေ့ | ၈၇ |
| (၅) | မျှော်လင့်...မိုး | ၉၉ |
| (၆) | ထာဝစဉ် | ၁၁၇ |
| (၇) | ဦးနှောက်ထဲက ဖိနပ် | ၁၃၃ |
| (၈) | ချယ်ရီဦးသို့ ရည်စူး၍ | ၁၄၅ |
| (၉) | အားနွဲ့သူများအကြောင်း | ၁၈၅ |
| (၁၀) | ဘုရင် | ၂၀၁ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

5 OCT 201.

# အသည်းကွဲသူများ [အားလုံး]...သို့

# ရင်ဖွင့်ပေးစာ

www.burmeseclassic.com

www.burmeseclassic.com

[၁]

အချစ်ကဗျာတွေ, အချစ်ဝတ္ထုတွေ ရေးနေမိတဲ့သူဆိုတော့ အချစ်နဲ့ပတ်သက်တဲ့ ဘေးထွက်ဆိုးကျိုးတွေနဲ့ ပတ်သက်ပြီး၊ ဆက်လက် ဆွေးနွေးပေးဖို့၊ ကျွန်တော့်မှာ၊ တာဝန်ရှိပါတယ်။

သိကြ, ကြားကြ, ကြုံဖူးကြမှာပါ။ အချစ်ရဲ့, ဘေးထွက်ဆိုးကျိုးများစွာထဲမှာ၊ (ချစ်သူရဲ့, အပစ်ပယ်ခံရတဲ့, ချစ်သူရဲ့, အဖောက်ပြန်ခံရတဲ့, ချစ်သူရဲ့, သစ္စာဖျက်ခြင်းခံရတဲ့ . . . ဝေဒနာ) အသည်းကွဲခြင်း ဝေဒနာဟာ၊ ခံစားမှု အားလုံးထဲမှာ၊ အပြင်းထန်ဆုံးပါပဲ။ (ဟုတ်ပါရဲ့လား အသည်းကွဲသူများ ခင်ဗျာ)။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မပေးအပ်တဲ့ တာဝန်တစ်ခုကို၊ ယူတဲ့အနေနဲ့၊ အဲဒီ့ အသည်းကွဲခြင်း ဝေဒနာဆိုးကို၊ ကုသ,ဖို့၊ အစားထိုးနည်း တစ်နည်းနည်းကို၊ ဉာဏ်မီသလောက် ဖြန့်ဖြူးဖို့၊ ကျွန်တော် … စဉ်းစားမိပါတယ်။ (ကိုယ်ချင်း စာနာစိတ် အပြည့်နဲ့ပါ)။

အဲဒီ့ ကိုယ်ချင်းစာစိတ် အပြည့်နဲ့ပဲ အင်တာနက်က,နေ …

"အသည်းကွဲသူများ အားလုံး၊ နှလုံးသား အစားထိုးနည်း၊ မမှားယွင်းကြစေရန်၊ သတိပေးအပ်ပါသည်" … လို့၊ ကျွန်တော် အပူတပြင်း၊ ကြေညာခဲ့ပါတယ်။

တကယ်ပါ။ စာနာလွန်းလို့ပါ။ (သစ္စာမဲ့တယ် … ဆိုတာ၊ ပြုမူသူအတွက် ထ,သွား ထ,လာကိစ္စလောက်ပါပဲ။ ခံစားရတဲ့သူမှာ … ကျားကျား, မမ, မခံစားနိုင်ရင်၊ ခံစားနိုင်စွမ်း နည်းပါးရင် … ဘဝပါ ပျက်သွားနိုင်ပါတယ်။

(အသည်း တစ်ခါကွဲတာ၊ ဘဝ, တစ်ရာပျက်မတတ် … လို့ ကျွန်တော် ရေးဖူးခဲ့ပါသေးတယ်လေ)။

❑





ချစ်ကြ, ကြိုက်ကြတုန်းက၊ နှစ်ဦးအကြားမှာ အဖေ အမေ လည်း မပါဘူး။ ဦးလေး အဒေါ်လည်း မပါဘူး။ ဆွေမျိုး အသိုင်း အဝိုင်းလည်း မပါဘူး။

"ချစ်လား", "ချစ်တယ်" … ဆိုတဲ့ နှစ်ကိုယ်ကြား စကား လေးနဲ့၊ နွေးထွေးအေးမြခဲ့ကြတာပါ။

အဲ … ဆုံစည်းဖို့လည်းကျရော၊ အဖေက … သွေးတိုး၊ အမေက … နှလုံးရောဂါ၊ ဦးလေးက … သဘောမတူ၊ အဒေါ်က … သည်းသည်းလှုပ်၊ အသိုင်းအဝိုင်းက … ကန့်ကွက်။

ချစ်တယ် … လို့ အဖြေပေးတုန်းက၊ အဲဒီ့ လူတွေ ဘယ် ရောက်နေပါလိမ့်။

နှစ်ကိုယ်တူ ချစ်ကြပါလျက်၊ နောက်ဆုံးတော့ မိသားစု အသိုင်းအဝိုင်းက ဘာဖြစ်တယ် ညာဖြစ်တယ် … နဲ့၊ ကမ္ဘာဆယ် သိန်းလောက် ရည်စူးနှင်းအပ်ထားတဲ့ သစ္စာစကားကို၊ အိမ်သာတက် သလောက် သဘောထားပြီး၊ စွန့်ခွာရက်ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၀ . . . တစ်နှစ်လုံး၊ အသည်းကွဲသူ တော်တော်များများနဲ့ စိတ်မကောင်းခြင်းကြီးစွာ၊ ကျွန်တော် ဆုံတွေ့ ဖေးမ,ခဲ့ရပါရောလား။ (သူတို့က,တော့ မသိကြရှာဘူး။ ကျွန်တော် ကိုယ်တိုင်၊ အသည်းကွဲနေရသူဆိုတာ။ (ဘယ်သိမှာလဲ)။ ကျွန်တော်က၊ ကွဲတဲ့ အသည်းကို၊ ရဲရဲဝံ့ဝံ့ ငုံ့ကြည့်တယ်လေ)။

❑ ❑ ❑



[၂]

BURMESE CLASSIC .com

၂၀၁၀– ဇန်နဝါရီ (၁) ရက်၊ ည ၀၀း၀၅ မှာ၊ ကျွန်တော့် အဖျား ၁၀၃၊ (တိုက်တိုက်ဆိုင်ဆိုင် ထည့်ပြောရရင်၊ ဒီနှစ် ၂၀၁၁– ဇန်နဝါရီ (၁) ရက်၊ ည ၀၀း၀၅ မှာ၊ ကျွန်တော် အဖျား ၁၀၂။)

မှတ်မှတ်ရရ စ,ပြောရရင်၊ ၂၀၁၀– ဇန်နဝါရီလ,မှာပဲ၊ ကျွန်တော့်ရဲ့ အိမ်ထောင်သည်ဘဝ ရာထူးပြုတ်သွားပါတယ်။ (အိမ်ထောင်ပျက် ဖြစ်သွားတာပေါ့)။

အဲဒါကို မသိကြဘဲ၊ အဝေးက . . . ညီ,ညီမတွေ (ပရိသတ်တွေ) က၊ သူတို့ရဲ့ အသည်းနှလုံးရေးရာတွေကို၊ ရင်ဖွင့်ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ဖနေလိုက်ကြတာ၊ ကျွန်တော့်ဆီမှာ၊ အကြိုညဏ်တွေ၊ တောင်းနေလိုက်ကြတာ၊ ကျွန်တော့်မှာ၊ ကိုယ်ပိုင်အသည်းကွဲချိန်တောင် အင်မတန် နည်းပါးသွားရပါရောလား။ (ဒါပေမဲ့ ... သူတို့ နေကောင်းသွားကြတာ၊ ကြားရတော့၊ ဝမ်းသာရတာပေါ့)။

❑

အဲ ...၊ သိပ်မကြာခင်မှာပဲ၊ ကျွန်တော်ရဲ့ အိမ်ထောင်ပျက်ဘဝကြီးကို၊ သနားကရုဏာသက်သွားရှာတဲ့၊ ကထိက, ဆရာမလေးတစ်ယောက်က၊ ကျွန်တော့်အပေါ်၊ သံယောဇဉ် ဖြစ်မိပါသတဲ့။

နှစ်ဦးသား သံယောဇဉ်တွေ ရေ့တိုးမိကြရင်း၊ ချစ်သူတွေဖြစ်သွားကြတာ။ ပြောပြရင် ..., လွှမ်းချင်စရာ။

❑





သူနေတဲ့ မြို့က,နေ၊ သူ အမှုထမ်းတဲ့ တက္ကသိုလ်ကျောင်းကြီးဆီကို၊ မသွားဘဲ (ခွင့်တင်ပြီး) ကျွန်တော်နဲ့ လာတွေ့။ ပြီးတော့ ... ကျွန်တော့်အမေနဲ့ တွေ့။

ကျွန်တော်နဲ့ လက်ထပ်မယ့်ချစ်သူအဖြစ်၊ မေမေနဲ့ မိတ်ဆက်ပေး။ ပြီး ... သူ တက္ကသိုလ်ကြီးရှိတဲ့ မြို့ကို၊ ကျွန်တော်က, လိုက်ပို့။

သူ လာလိုက်။ ကျွန်တော် ပို့လိုက်။ ကျွန်တော် သွားလိုက်၊ သူ မျှော်လိုက်နဲ့၊ နှစ်ဦးသား အချစ်တွေ၊ ဖွဲ့ကာပင်မြေမှာ၊ နှင်းလို ... ဝေ။

သူ့အိမ်က,တော့ ဘယ်သိမှာလဲ။ အိမ်က, တစ်မြို့။ ကျောင်းက တစ်မြို့။

❑



www.burmeseclassic.com

www.burmeseclassic.com



သူဦးလေး သိသွားသတဲ့။ "ကျွန်တော်က, အိမ်ထောင်ပျက် ဆိုတော့၊ သူ့တူမနဲ့ လက်ရည်မတူဘူး" လို့ ဝေဖန်သတဲ့။ (ထို စကားကို၊ ကျွန်တော် နားမလည်ပါ)။

"ကိုကြီးကို၊ ကျွန်မ,ချစ်တာ၊ ယုံရဲ့လား"

ကျွန်တော် ရယ်နေမိသည်ကို၊ သူ ... စိတ်ဆိုးပါသည်။

"ကျွန်မ မိန်းမပျက် မဟုတ်ဘူး။ ယောကျ်ား တစ်ယောက်ကို၊ လက်မထပ်ဘဲ၊ ချစ်တယ် ... လို့ မပြောဘူး"

ကျွန်တော် သူ့ပါးစပ်ထဲသို့၊ စပျက်သီးတွေ၊ ခွံ့ကျွေးလိုက် ပါသည်။

"ဘာလုပ်တာလဲ"

"အစားကို၊ ကုန်အောင်စား"

သူ ... မျက်စောင်းထိုးပါသည်။

"စကားကို အကုန်မပြောနဲ့"

သူ ... နှုတ်ခမ်းကိုက်ပါသည်။

❑ ❑ ❑



[၃]

၂၀၁၀– နိုဝင်ဘာ (၂၆) ရက်နေ့တွင်၊ သူ ... ကျွန်တော့် ဆီသို့၊ ဖုန်းဆက်ပါသည်။ သူ့ဦးလေးက ကျွန်တော့် ဓာတ်ပုံကြီးကို၊ ကိုင်လျက်၊ သူ့မိဘများနှင့် ဆွေးနွေးနေကြောင်း။

၂၀၁၀– နိုဝင်ဘာ (၂၆) ရက်၊ ည ၁၁–နာရီတွင် ...

"အမေ မအိပ်သေးဘူး။ ထိုင်စောင့်နေတယ်။ ခဏ ..."

၂၀၁၀– နိုဝင်ဘာ (၂၇) ရက်၊ နံနက် (၄) နာရီ။

"အမေ တစ်ညလုံး မအိပ်ဘူး။ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



မွေ့လိုက်ပြီထင်တယ်။ ကိုကြီး ဖုန်းဖွင့်ထားနော်”

၂၀၁၀– နိုဝင်ဘာ (၂၇) ရက်၊ နေ့လယ် (၂) နာရီ။

“ကိုကြီး။ ကျွန်မ ... စာတမ်းဖတ်ခါနီး။ သူများဖုန်းနဲ့ လှမ်းဆက်တာ။ အိမ်က ... ဖုန်း သိမ်းသွားပြီ။

ဖုန်း ... ဖွင့်ထားပါ”

၂၀၁၀– ဒီဇင်ဘာ (၂၇) ရက်နေ့အထိ၊ ကျွန်တော် ဖုန်းဖွင့်ထားပါသည်။ (ချစ်သူထံမှ၊ ဘာသတင်းမျှ မကြားပါ)။

❑

၂၀၁၁– ဇန်နဝါရီ (၁၀) ရက်။

“ကျွန်မ ... မိသားစုနဲ့ မခွဲနိုင်ဘူး။ အသိုင်း အဝိုင်းကို၊ မစွန့်နိုင်ဘူး။ အဲဒါကြောင့် ... လုံးဝ ... မပတ်သက်တော့”

၂၀၁၁– ဖေဖော်ဝါရီ (၁) ရက်နေ့သည်၊ ကျွန်တော်၏မွေးနေ့





ဖြစ်ပါသည်။ (ထိုမွေးနေ့ အထိမ်းအမှတ်အဖြစ်၊ ချစ်သူက လမ်းခွဲ လက်ဆောင် ပေးလေသည် ... ဟု၊ ကျွန်တော် မှတ်ပိုက်ပါသည်)။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

[၄]

"မင်း၊ ဘာမှ မဖြစ်ဘူးလား" ... ဟု၊ သူငယ်ချင်းများက၊ မေးပါသည်။ "ရင်ထဲကို မြင်အောင်ကြည့်" ... ဟုသာ၊ ကျွန်တော် ဖြေပါသည်။ "သားကြီး နေကောင်းရဲ့လား" ... ဟု၊ အမေ မေးပါသည်။ သူ့ ချွေးမ,လောင်းလေး၏ လက်ဆောင်စကားကို၊ အမေ့အား ကျွန်တော် ပြောပြထားပြီး ဖြစ်သဖြင့်၊ ကျွန်တော့် ကျန်းမာရေး အခြေအနေကို စိုးရိမ်စွာ၊ အမေ မေးခြင်း ဖြစ်ပေမည်။

[အသည်းကွဲနေသူများ (အားလုံး) ခင်ဗျား)]။ ကျွန်တော် နေကောင်းပါသည်။

❑





"နှလုံးဆိုတာ၊ လက်သီးဆုပ်သာသာလောက် ရှိတာကွ။ အဲဒီ့ နှလုံးရဲ့ အောက်ဘက်နားမှာ၊ နှလုံးချိုင့်ဆိုတဲ့ နေရာလေး ရှိတယ်။ အဲဒီမှာ စိတ်က ခိုနေတယ်။ နှလုံးကို ဟာဒယ ... လို့ ခေါ်တယ်လေ။ ဟာဒယဆိုတာ၊ အမှီအတွယ် ... တဲ့။ စိတ် မှီတွယ်တဲ့၊ အရာပေါ့။

အဲဒီ့ စိတ်မှီတွယ်ရာ၊ တစ်ခွင်လုံးမှာ ... မိဘ ရော, ဆွေမျိုးရော, အလုပ်ရော, ချစ်သူရော ... အားလုံး ရှိနေနိုင်တယ်။

အဲ ... နှလုံးချိုင့်လို့ခေါ်တဲ့ နေရာလေးမှာ တော့၊ အရေးကြီးတဲ့သူပဲ၊ နေရာရတယ်။

မိဘ,ကို စွန့်တယ်။ ချစ်သူနောက် လိုက်သွား တယ် ... ဆိုတာ၊ အဲဒီ့ နှလုံး ဟာဒယချိုင့်လေး ထဲမှာ၊ ချစ်သူကို နေရာပေးထားလို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိဘ့ကို မစွန့်နိုင်ဘူးဆိုတာ၊ အဲဒါ . . .၊ အဲဒီ ချိုင့်လေးထဲမှာ၊ မိဘ . . . ကို၊ နေရာပေးထားလို့ပဲ။

ရယ်စရာ ပြောရရင်၊ အဲဒီ ချိုင့်ထဲ ရောက်တဲ့သူ၊ ပိုပြီး ဦးစားအပေးခံရတာပေါ့ကွာ။ လမ်းမ့ပေါ်မှာ ရေ ဘယ်လောက်စီးစီး၊ ရေစီးရပ်သွားရင်၊ မြေကြီးချိုင့်ခွက်တွေထဲသာ၊ ရေဝပ်ပြီး ကျန်ခဲ့တာမျိုးပေါ့။

စီးဆင်းနေတိုင်း၊ ကျန်ရစ်ခဲ့တာ မဟုတ်ဘူးလေ။

နှလုံးသားတစ်ပိုက်တော့၊ အာရုံအားလုံး ရှိတတ်တာပေါ့။ ဒါပေမဲ့ ချိုင့်ထဲမှာတော့၊ ပိုချစ်တဲ့သူကို နေရာပေးမိကြတာပဲ''

''မင်း . . . ဟိုး . . . ငယ်ငယ်တုန်းက့လို၊ ဝှန်းဒိုင်းမကြဲတာ၊ ငါတို့ . . . အံ့သြတယ်''

''မအံ့သြနဲ့။ ငါလည်း . . . ငါ့နှလုံးချိုင့်ထဲမှာ





. . . ပထမတော့၊ ချစ်သူကို ထည့်ထားတာပေါ့။

နောက် . . . အခြေအနေ မကောင်းတော့၊ အဲဒီ နှလုံးချိုင့်ထဲမှာ . . . မွေကို ပြောင်းထည့်လိုက်တာပေါ့။

အားလုံး နားလည်အောင် ပြောရရင်၊ စိတ်ထဲမှာ၊ ဘုရား . . . တရားပဲ ထည့်ထားလိုက်တယ်။

ပူပင်မယ့် နှလုံးချိုင့်ထဲ၊ ဘုရား တရားကို၊ အထပ်ထပ် ထုံမွမ်းပြီး ထည့်ထားလိုက်တော့၊ အသည်း ကွဲတယ်ဆိုတာ၊ မုန့်ဖက်ထုပ်လား၊ ကိတ်မုန့်လား . . . လို့ မေးရမလို ဖြစ်သွားတာပေါ့''

''လွယ်လိုက်တာ''

''လွယ်တော့ မလွယ်ဘူး သူငယ်ချင်း။ သိပ်ခက်တယ်။ ဒါပေမဲ့ . . . သိပ်တန်ဖိုးကြီးတယ်၊ ဒီ . . . နည်းက။

ပထမ . . . သီလဆောက်တည်ရတယ်။ မဆောက်တည်ရင်၊ ချစ်သူနဲ့ ကွေကွင်းအောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူကို၊ ငါ ... သွားသတိမိမှာပေါ့။

ဒုတိယ ... ဖူးစာမပါဘူး၊ ကံ ... မပါဘူး၊ ငါ ... လည်း၊ သူတစ်ပါး ချစ်ခြင်းကို၊ အတိတ်ကာလ, တစ်ခုခုတုန်းက၊ ဖြိုခွင်းဖူးတယ် ထင်ပါရဲ့။ အဲဒါမျိုး နှလုံးသွင်းရတယ်။

တတိယ ... ချစ်သူလည်း သေမယ့်သူ။ ငါလည်း ... သေမယ့်သူ။ သူဦးလေးလည်း၊ သေမယ့်သူ။ သေမယ့်သူ အချင်းချင်း၊ သူတို့ အလုပ်ရှုပ်ချင် ရှုပ်ကြပစေ။ ငါ ... အလုပ်ရှုပ် မခံနိုင်ဘူး ... လို့၊ တွေးတယ်။

စတုတ္ထ ... ချစ်သူလည်း သေရင် အပုပ်ကောင်၊ ငါလည်း သေရင် မသာကောင်။ မသာလောင်းအချင်းချင်း တမ်းတ,နေတာ၊ ခွေးသေကောင်ပုပ်ပေါ်၊ တွယ်တာနေတဲ့ လောက်နဲ့ အတူတူပဲလို့၊ ကိုယ့်ကိုယ်ကိုယ် သတိပေးတယ်။

ပြီးတော့ ... ကွေကွင်းအောင်လုပ်တဲ့သူတွေ





ကိုရော၊ ချစ်သူ တော်စပ်ခဲ့ဖူးသူကိုရော၊ မေတ္တာပို့တယ်။ တကယ်အေးမြပါစေ ... လို့၊ စိတ်မွေးတယ်။

နောက် ... ဘုရားရဲ့ဂုဏ်တော်တွေကို၊ အထပ်ထပ်ပွားတယ်။ ဘုရား, တရားလည်း ရင်ထဲရောက်လာရော၊ အလိုလိုနေရင်း ကိလေသာ စင်ကြယ်နေသူ အရိယာတွေကို အားနာမိလိမ့်မယ်။

ဘုရားကို အားနာလာလိမ့်မယ်။ ဘုရားကို အားနာရင်၊ အေးအောင်နေ ... လို့၊ ကိုယ့်ကိုယ်ကိုယ် သင်ပစ်လိုက်တာပေါ့။

ချစ်သူ အိမ်ထောင်ဘက်ဆိုတာ၊ အကြောင်းတိုက်ဆိုင်မှ၊ ပေါင်းခွင့်ရတာပါလား ... လို့ နှလုံးသွင်း။

အားလုံး ... အေးအေးဆေးဆေး ဖြစ်သွားတာပါပဲ”

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲနေသူများ ခင်ဗျာ။

ချစ်တတ်ရင် လွမ်းတတ်ကြပါတယ်။ ဒါ့အပြင် ... ကံဆိုးရင်၊ အသည်းလည်း ကွဲတတ်ပါသေးတယ်။

ဘောလုံးကစားရင် ခြေခေါက်လဲ တတ်ပါတယ်။ ဆေးထည့်တတ်ဖို့ပဲ ... လိုတာပါ။ ဆေးကုတတ်ဖို့ပဲ၊ လိုပါတယ်။

အသည်းကွဲနေသူများ အားလုံး ...

ဘာကို အစားထိုးကြရမလဲ ... ဆိုတာ၊

သိပါပြီလားဗျာ ...။ ။

အားလုံး ... နေကောင်းပါစေ ...။

2011. Jan. 12

9:00 (a.m)

[၂၀၁၁(ဖေ)Perfect မဂ္ဂဇင်း]

# နှလုံးသား အစားထိုးကုသနည်း

www.burmeseclassic.com

www.burmeseclassic.com

[၁]

> "ဟော။ အသည်းကွဲနေသူများ။ နှလုံးသား
> အစားထိုးလျှင် ...၊ (သတိ)၊ အားကိုးမှားတတ်
> သည်"

အထက်ပါ စာကြောင်းလေးကို၊ အင်တာနက်မှနေ၍ ညီ၊ အစ်ကို၊ မောင်၊ နှမများ၊ အားလုံးသို့၊ ကျွန်တော် လက်ဆောင် ပေးနေပါသည်။

အဘယ်ကြောင့်ဆိုသော် ... လောက၌၊ အသည်းကွဲနေသူများ၊ အသည်းအခွဲခံနေကြရသူများ၊ မြောက်မြားစွာ ရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com



. . . ဟု၊ ကျွန်တော် ကြားသိနေရပါသည်။

ထို့ လူနာများအတွက်၊ (အထက်ပါ စာကြောင်းလေးကို၊ အရေးပေါ် ကြေညာချက်အဖြစ်)၊ ကျွန်တော် ဉာဏ်မီသလောက် ထုတ်ပြန်ထားခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် . . .

အသည်းကွဲသူ တော်တော်များများသည်၊ နှလုံးသားကို အစားထိုးကုသ,ဖို့၊ ကြိုးပမ်းတတ်ကြခြင်းကြောင့် ဖြစ်၏။

❑ ❑ ❑



[၂]

". . ." မြို့က၊ ကျွန်တော်နှင့်ခင်မင်သော၊ ကောင်မ,လေး တစ်ယောက် အစားထိုးကုသ,နည်းမှာ၊ အင်မတန် ကြောက်ဖို့၊ ကောင်းလွန်းသည်။

"တစ်ပတ်မှာ . . . ခုနစ်ရက်ရှိတယ် အစ်ကို ရယ်။ တစ်နေ့ တစ်ယောက် တွဲပစ်လိုက်တယ်။

ဒါပေမဲ့ . . .

တွဲသွားတွဲလာ လုပ်နေချိန်ပဲ၊ အဆင်ပြေ သလိုလို ရှိပေမဲ့ . . . , အိမ်ပြန်ရောက်တော့ညည်း



www.burmeseclassic.com

www.burmeseclassic.com



. . . အရင်လူကိုပဲ သတိရမိတာ။

ဟင်း . . .

မလွယ်ပါဘူး”

သူ့ . . . သက်ပြင်းချသံကို ကျွန်တော် ကြားရ၏။ ကျွန်တော့် သက်ပြင်းမော မှိုချလိုက်ခြင်းကို၊ သူ . . . မမြင်, သူ . . . မသိ။

(အမေ . . . သဘောမတူ . . . လို့ ဟူသည့် အကြောင်းပြချက်ဖြင့်၊ သူ့အား စွန့်ခွာသွားကြောင်း။ ထိုနမ့,လေး၊ ကျွန်တော့်ကို ရင်ဖွင့်ဖူးပါသည်။ သူ . . . ရင်ဖွင့်ခဲ့စဉ်က၊ ကျွန်တော် မည်သို့မျှ ဝေဖန်မှု မပြုခဲ့ပါ။

စိတ်ထဲမှာတော့ . . . ၊ သူ့ချစ်သူဆိုတဲ့ကောင်ကို ရည်မှန်း၍ သူနှင့် ထိုက်တန်လောက်သည့်၊ ဖရုသ, ဝါစာ တစ်ခွန်းတော့၊ မြည်တွန်မိလိုက်ပါသည်။ ခွေးမ,သား)။

စ,တင် ချစ်စကားပြောကြား ခွင့်ပန်စဉ်က၊ အမေကို တိုင်ပင်ခဲ့ပုံမရသည့် ကောင်။ ထားပစ်ခဲ့ဖို့ စိတ်ကူးမှ၊ အမေ သဘောမတူ . . . လို့တဲ့။

အချစ်ကို အလွဲသုံးစား လုပ်ရုံတွင်မက၊ အမေကိုပါ၊ အလွဲ





သုံးစား လုပ်တဲ့ . . . ကောင်။ “ခွေးမသား” . . . ဟု၊ ဖရုသ,ဝါစာ စကားဆိုးကို၊ စိတ်မှ မြည်တွန်လိုက်မိသည်ကိုက၊ (စဉ်းစားကြည့်)၊ အမေ ဘယ်လောက်ထိနိုက်သွားရမလဲဆိုတာ။

❐

နောက် . . . ဟိုးနားက၊ ကောင်လေးတစ်ယောက်။

ချစ်သူက နယ်မှာ အလုပ်,သွားလုပ်သတဲ့။ အဲဒီအလုပ်က, နေ့နေ့ရှာနဲ့ ယူတော့မှာ . . . တဲ့၊ စဉ်းစားကြည့်။ ခံစားကြည့်။ စာနာကြည့်။ (ဂဏန်းမ,တွေ)။

ဘာကြောင့် ဂဏန်းမ,တွေလို့ ဖရုသဝါစာ ရေရွတ်မိသလဲ . . . သိချင်ရင်တော့၊ ကိုယ့်ဘာသာပဲ လေ့လာကြလို့ . . . (သူတို့ကို၊ ကျွန်တော် ပြောပစ်လိုက်ချင်ပါ။)

❐



www.burmeseclassic.com

www.burmeseclassic.com



နောက် . . . , " . . . " " . . . " မြို့က၊ ကျောင်းဆရာမ,လေး တစ်ယောက်။

လူပျိုယောင်ဆောင်ထားတဲ့ အကောင်နဲ့၊ လူပျိုလို မနေဘဲ အချစ်ခံလိုက်ရသတဲ့။ စ,ချစ်တဲ့ နေ့က၊ သူ့ဖနီး, သမီးလေး မွေးတဲ့ နေ့တဲ့။

(အဲ့ဒီ . . . သူတောင်းစားကိုတော့၊ ကျွန်တော် မဆဲချင်တော့ ပါ။ သူ့သမီးလေး . . . အန္တရာယ်ကင်းပါစေ . . . ဟုသာ၊ တကယ် ဆုတောင်းပေးလိုက်ပါတယ်)။ အားလုံးလည်း၊ ဝိုင်းဝန်း ဆုတောင်း ပေးလိုက်ကြပါ။

❑ ❑ ❑



[၇]

အသက်အန္တရာယ် ထိခိုက်နိုင်လောက်သည်အထိ၊ အသည်း ကွဲ နစ်နာသူများ၊ များစွာ ရှိနေကြောင်းကိုသာ၊ ကျွန်တော် ပြောပြလို ရင်း ဖြစ်ပါသည်။

တစ်ဖက်သား အသည်းကွဲအောင်၊ ပြုမူခဲ့သူများ အကြောင်း ကိုတော့၊ တတ်နိုင်လျှင်၊ ကျွန်တော် မပြောမိချင်။

❑



www.burmeseclassic.com

www.burmeseclassic.com



ထို အသည်းကွဲသူများကို၊ ကျွန်တော် ဉာဏ်လှမ်းမီသလောက်၊ ကူညီဖေးမ,ခဲ့ပါသည်။

အရက်သေစာဖြင့်၊ အလောင်းအစားဖြင့်၊ အတွဲသစ် အဖော်သစ်ဖြင့်၊ အစားထိုး ဖြေဆည်မိကြကြောင်း၊ အားလုံးက, ဝန်ခံပါသည်။

ကျွန်တော် . . . သူတို့ကို၊ နှလုံးသား အစားထိုးကုသ,နည်းစစ်စစ်ကို၊ သင်ကြားပေးခဲ့ပါသည်။ (ကိုယ်တွေ့ ဆေးတစ်လက်ဖြစ်သဖြင့်၊ ကျွန်တော် ရဲရဲကြီး ဝေငှခဲ့ခြင်း ဖြစ်၏)။

အစားထိုးမှားရင်၊ နောက် . . ., တစ်မီးမွှေးလိုက်သလိုဖြစ်တတ်လွန်းလို့ပါ။

❑

"စိုး" . . . ဟု၊ မြတ်နိုးစွာ ခေါ်တွင်ခဲ့ရသော၊ ကျွန်တော်





ချစ်သူ ကောင်မ,လေးကြောင့်၊ ကျွန်တော် အသည်းကွဲမလိုလို ဖြစ်ခဲ့ရသည်။

"ကျွန်မ, မိန်းမပျက် မဟုတ်ဘူး။ စကားကို၊ တစ်ခွန်းတည်း ပြောမယ်။ ကိုကို၊ ကျွန်မ . . . ဘယ်နည်းနဲ့မဆို သေချာပေါက်၊ လက်ထပ်မယ်။ ဒါပဲ။ ယုံတယ် မဟုတ်လား"

"စကားကို ယုံတယ်"

"စကားကို ယုံတယ်ဆိုတော့၊ ကျွန်မ,ကို မယုံဘူးပေါ့"

ကျွန်တော် သူ့နှုတ်ခမ်းလေးကို၊ မြတ်နိုးစွာ ဖိပိတ်လိုက်ပြီး

"တီးတိုးပြော။ ဟိုး . . ., အနားမှာ၊ ကံဇာတ်ဆရာကြီးက၊ ဇာတ်ညွှန်းရေးနေတယ်"

ထိုစကားကို၊ သူ . . . နားမလည်စရာအကြောင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော်၊ "စိုး"သည်၊ တက္ကသိုလ်က ဆရာမ,လေးတစ်ယောက်ဖြစ်သောကြောင့် ဖြစ်၏။

❑



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပျက် ကျွန်တော့်ကို၊ (သူလည်းပဲ) သူ့မိဘတွေ သဘောမတူဘူး . . . ဟူသော၊ အကြောင်းပြချက်ဖြင့်၊ လက်မပြတဲ နှုတ်ဆက်ခွဲခွာသွားခဲ့သည်။

တကယ်တော့ အိမ်ထောင်ပျက်ဆိုတာ၊ [အိမ်ထောင်ပျက်တွေခမျာ] ရာဇဝတ်မှုနဲ့ ထောင်က, ထွက်လာတဲ့၊ ထောင်ထွက်တွေ လိုပါပဲ။ ရပ်ထဲ, ရွာထဲမှာ နောက်ထပ် တစ်မှုပဲ၊ ထပ်ကျူးလွန်တော့ မယောင်ယောင်၊ အထင်အမြင် အဝေဖန် ခံကြသူတွေပါ။

သူ့ ခရီးဖော်က အနိုင်ကျင့်သွားရှာတယ် . . . လို့ ဘယ်သူမှ ကူမတွေးပေးကြပါဘူး။ ဒီတစ်ခါလည်း . . . အရင်လိုနေမှာပါ . . . ဆိုတဲ့၊ ဝေဖန်မှုနဲ့၊ ပုတ်ခတ်ဝေဖန်တာကို၊ ခံကြရတာကလား။ [ပြောရင်း ကိုယ့်ကိုယ်ကိုယ် သနားချင်မိပါသည်]။

ကျွန်တော်မှ ဖုန်းမဆက်လျှင်၊ သူ . . . ထမင်းမစားဘူး . . . ဟု၊ ချွဲနွဲ့စွာ ပြောပြောနေခဲ့သော၊ ကျွန်တော့်ချစ်သူ စိုးစိုးလေး (ဆိုးဆိုးလေး) အခုအချိန်၊ သူ . . . ထမင်း ဘယ်လိုများ စားနေရှာ





ပါလိမ့် . . . ဟု၊ တကယ် တွေးမိပါသည်။

ထားပါ . . . ထား . . .။ ဒါတွေ ပြောချင်တာ မဟုတ်ပါ။ အဲဒီလို တွေ၊ ကြုံခဲ့ကြသော . . . ညီများ . . . နှမ,များ ဘာနဲ့ အစားထိုးမလဲဆိုသော၊ မေးမြန်းလိုရင်း။ ဖြစ်ပါသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## [၅]

လက်သီးဆုပ်လောက် (သာသာလောက်) ရှိနိုင်သော နှလုံးသား၏ အနီးတစ်ဝိုက်တွင်၊ အာရုံများစွာ ရှိတတ်သည်။ မိဘ, ဆွေမျိုး, အသိုင်းအဝိုင်း, အလုပ်အကိုင်, ချစ်သူ, ရည်ရွယ်ချက် စသည်ဖြင့် . . .။

ထိုနှလုံးသား၏ အနက်ရှိုင်းဆုံးနေရာ၊ နှလုံးချိုင့်တွင်၊ ကိန်းသွားသော သူ၊ အနိုင်ရစမြဲ။

မိဘ,ကိုယ်၊ စွန့်လွှတ်ရဲသော ချစ်သူကောင်မ,လေး၏ နှလုံးချိုင့် (အနက်ရှိုင်းဆုံး) နေရာတွင်၊ သူ့,ကောင်လေး နေရာရသွားခြင်း





ဖြစ်၏။

ချစ်သူကို စွန့်ခွာရက်သော ချစ်သူကောင်မ,လေး၏ နှလုံးချိုင့်၊ (အနက်ရှိုင်းဆုံး) နေရာတွင်၊ သူ့,မိဘ နေရာ ရသွားခြင်းသာ ဖြစ်၏။

❐

သင့်ချစ်သူ၏ နှလုံးသားတစ်ဝိုက်တွင်၊ သင် . . . ရှိကောင်း ရှိနိုင်ပါသည်။ သို့သော် . . . နှလုံးချိုင့် . . . ဟုခေါ်သော၊ အနက်ရှိုင်းဆုံး (စိတ်၏မိရာ) နေရာ အတွင်းတွင်၊ သင် . . . မဝင်ရောက်နိုင်ပါက၊ သင် . . . အသည်းကွဲဖို့ များပါသည်။

သင် . . . အစွန့်ပယ်ခံရဖို့ များပါသည်။ နှလုံးသား၏ အနားတစ်ဝိုက်တွင်၊ မည်မျှ ရှိရှိ၊ နှလုံးချိုင့်အတွင်း၊ မခိုဝင်ပါက၊ သင်သည် ချစ်သူ၏ အပေါ်ယံ ချစ်ခြင်းကိုသာ၊ ရရှိနေသူ ဖြစ်ပါ၏။

"မင်းရဲ့ နှလုံးချိုင့် အနက်ရှိုင်းဆုံးနေရာမှာ၊ ငါ . . . ရှိရဲ့လား" . . . ဟု၊ ချစ်သူကို၊ သင် . . . မေးကြည့်ဖို့ စိတ်မကူးပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com



သူ ... ရုတ်တရက် ဖြေဆိုနိုင်လိမ့်မည်၊ မဟုတ်ပါ။ ဖြေနိုင်သည်ဆိုလျှင်လည်း၊ သိပ်မမှန်နိုင်ပါ။ (မှသားသုံး၍ ဖြေဆိုလေမည် ... ဟု၊ မဆိုလိုပါ)။

ဘာဖြစ်လို့လဲဆိုတော့၊ ဒီကိစ္စက၊ ကိုယ့်ဘက်, သူ့ဘက်၊ ဘဝ,နှင့် ချိ၍၊ လွန်ဆွဲရပြီဆိုသည့်, အချိန်အခါကျမှ၊ အဖြေမှန်ထွက်တတ်သောကြောင့်၊ ဖြစ်၏။

ထိုအခါကာလ,၌၊ နှလုံးချိုင့်အတွင်း၌ ခိုဝင်နေသူသာ အနိုင်ရလေ့ရှိစမြဲ။ (သင် ... တိုးဝင်ရုံဖြင့်၊ မရနိုင်ပါ။ သူ ... ထည့်ထားမှ ရောက်နိုင်ပေမည်)။

❑

မိုးရေတွေ မည်မျှ သည်းသည်းထန်ထန် ရွာသွန်းစေ၊ မိုးတိတ်သွားလျှင်၊ ထိုမိုးရေတွေ အကုန်အစင် မရှိတတ်တော့။ သို့သော် ... ချိုင့်ခွက် အိုင်ငယ်များအတွင်းမှာတော့၊ မိုးရေစက်တချို့ ကိန်းဝပ်ကြွင်းရစ်နေတတ်သည်။





နှလုံးသား ဟူသည်မှာလည်း ထိုသဘောအတိုင်း။ နှလုံးသား၏အနီးတစ်ဝိုက်တွင်၊ မည်မျှရှိရှိ၊ အာရုံများစွာနှင့် ကြုံတွေ့ရွေးချယ်ကြလေသောအခါ၊ နှလုံးချိုင့်အတွင်း ကြွင်းရစ်သူသာ၊ ဘဝနေရာ ရစမြဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## [၅]

ကျွန်တော်တို့ (အသည်းကွဲသူများ) ဗဟုသုတ ကြီးဖို့ လိုပါသည်။ ဘာအကြောင်းကြောင့်ဖြစ်ဖြစ်၊ သူ ... ပစ်ပယ်ပြီဆိုလျှင်၊ ကျွန်တော်တို့, သင်တို့၏။ နှလုံးချိုင့်အတွင်း။ ပူပင်လာတတ်ကြ၏။ (သတိ။ ။ အပူ = ငရဲ)။

ဘာကြောင့်ပူပူ၊ ဘယ်သူ့ကြောင့်ပူပူ၊ အပူညီမျှခြင်း ငရဲမီး ... ဟုသာ၊ အမြန် သတ်မှတ်စေလိုပါသည်။

သူ့နှလုံးချိုင့်ထဲမှာတောင်၊ ကိုယ် မရှိတော့လို့ ပစ်ပယ်လေသည့် ကိစ္စ၊ ကိုယ့်နှလုံးချိုင့်ထဲ၊ သူ့ကိုလည်းကောင်း၊ သူနှင့်ပတ်





သက်သော အတွေးတို့ကို လည်းကောင်း၊ သင် ... ထည့်ထားဦးမည် ဆိုလျှင် ... သင်, တော်တော် ညံ့တာပဲ။

❐

ကျွန်တော်တို့ (သင်တို့) ၏။ နှလုံးချိုင့်အတွင်းသို့ သူ့ထက် မြင့်မြတ်သော အရာ၊ အမြန်ထည့်ကြရအောင်ပါ။

သီလ, သမာဓိ အပြည့်ဖြင့်၊ ဘုရား, တရား အလုပ်ကို အမြန်အစားထိုးဖို့၊ ကျွန်တော် ဆိုလိုပါသည်။

အစားထိုးသည် ဆိုရာမှာလည်း၊ ပုတီးလေး တချောက်ချောက်၊ မျက်ရည်လေး တပေါက်ပေါက် လုပ်ရုံမျှကို၊ ကျွန်တော် မဆိုလို။

အကြိမ်ကြိမ်၊ အထပ်ထပ်၊ ကျင့်ကြံဆောင်ရွက်မှသာ၊ ဘုရားခေတ် ... ကိန်းဝပ်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ... မိုး အထပ်ထပ်ရွာတာတောင်၊



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ထဲရောက်မှ၊ ရေကျန်တာ မဟုတ်လား။

အဲဒီလိုပဲပေါ့။ ကိုယ် . . . ဉာဏ်မီသလောက် အထပ်ထပ် ဆောင်ရွက်မှ၊ စောစောက . . . ပေါက်လွှတ်ပဲစား (နှလုံးချိုင့်ထဲက . . . အာရုံ) တွေ၊ ဖယ်ထုတ်နိုင်မှာပါ။

သင်တို့၊ ကျွန်တော်တို့ရဲ့၊ နှလုံးချိုင့်ထဲမှာ . . . ဘုရားရဲ့ မေတ္တာ သစ္စာ ဓာတ်တွေ၊ ဉာဏ်တန်ခိုး ဓာတ်တွေ၊ ကိန်းသွားပြီ ဆိုလျှင်တော့၊ (ဘော်ဒါတို့ . . . နှမ,လေးတို့၊ ငါ့တို့အသည်း၊ ဆယ်ခါ ပြန် ကွဲရဲတယ်)။

❑

အဲဒီနည်းကို၊ အသုံးပြုနေတုန်းမှာတော့၊ ခုနက၊ ချစ်သူ ဟောင်းရဲ့ ပစ္စည်းပစ္စယတွေ . . . အမြန်လွှင့်ပစ်ပါ။ သူ့အကြောင်း မေးမယ့်သူတွေ၊ သူနဲ့ သိကျွမ်းတဲ့သူတွေ၊ သူနဲ့ သွားဖူးတဲ့နေရာတွေ ကိုတော့၊ သတိပြုပြီး ရှောင်ရှားဖို့ လိုပါသည်။





သစ္စာမဲ့တဲ့ ချစ်သူနေရာမှာ၊ သစ္စာလေးပါးကို အကြွင်းမဲ့ သိမြင်တော်မူတဲ့၊ ဗုဒ္ဓကို အစားမထိုးဘဲ . . .၊

တခြားဟာတွေ အစားထိုးတယ်ဆိုရင်တော့၊ မီးကို၊ ဓာတ်ဆီ နဲ့ လောင်းတာထက် ဆိုးလိမ့်မည်။

❑

အထက်ပါ (နှလုံးသည်းပွတ်အတွင်းမှ ထွက်ကျလာသော)၊ စာဝါကျများသည်၊ အသည်းကွဲနေသူများ . . . အသည်းကွဲဖို့၊ အသင့် ပြင်ထားသူများ . . . အသည်းကွဲလတ္တံ့သော သူများအတွက်သာ၊ ကျွန်တော် ရည်ရွယ်ပါသည်။

အသည်းကွဲအောင် လုပ်ဆောင်သွားသူ (အောင်နိုင်သူများ) ကို၊ လုံးဝ . . . (လုံးဝ) . . . လုံးဝ မရည်ရွယ်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## [၆]

အသည်းကွဲသူများ အားလုံး၏ ကိုယ်စား၊ "တစ်ထောင့် တစ်ည ပုံပြင်များ" . . . ဟု၊ ခေါင်းစဉ်တပ်ထားသော၊ ကဗျာ တစ်ပုဒ်ကို၊ 2011-Jan 4 နေ့က ရေးဖွဲ့ပြီး၊ မဂ္ဂဇင်းသို့၊ ကျွန်တော် ပေးပို့ထားပါသည်။

အဲဒီကဗျာလေးကို၊ အသည်းကွဲသူများ အားလုံးအတွက် လက်ဆောင်ပေးလိုက်ပါသည်။





တစ်ထောင့်တစ်ညပုံပြင်များ

သင့်အား

ကျွန်ုပ်၏,

(အယုံကြည်ရဆုံး)

ပါရမီဘက်အဖြစ်

သတ်မှတ်လိုပါသည်၊

ကျေးဇူးပြု၍

တဆိတ်လောက်,

နာမည်လေး ပြောပါ။

ဩော် . . .။

"အချစ်" . . . တဲ့လား။

လာနောက်မနေနဲ့ . . .။ ။

(7:45 a.m)



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသား အစားထိုးနည်း မများစေချင်သောကြောင့်၊ ဤ စာကြောင်းများကို၊ ကျွန်တော် အရေးပေါ် (အရေးတကြီး) ရေးသား ပါသည်။

အထက်ပါ စာ . . . ဝါကျများနှင့် အထက်ပါ ကဗျာလေးကို ကျွန်တော့်ချစ်သူ ဝယ်ပေးခဲ့ဖူးသော၊ အပြာရောင် ဘော့ပင်လေးဖြင့် အေးချမ်းတည်ငြိမ်စွာ ကျွန်တော် ရေးသားဖွဲ့ဆိုလိုက်ပါသည်။

အသည်းကွဲဖူးသလား . . . ဟု၊ မေးမြန်းကြသော . . . ညီ ညီမ,များကို၊ ဤစာမျက်နှာပေါ်မှ၊ ကျွန်တော် ဖြေဆိုလိုက်ပါသည်။ (ကျွန်တော် . . . အသည်းကွဲဖို့၊ ခဏခဏ ကြုံပါသည်။ ဒါပေမဲ့ . . . ကျွန်တော့် နှလုံးသားကို၊ ဘုရားနှင့်သာ အစားထိုးထားသဖြင့် ဘယ်တော့မှ ကျွန်တော် အသည်းမကွဲပါ။ အသည်းတော့ နည်းနည်း နာရတတ်တာပေါ့)။

တစ်စုံတစ်ယောက်ကို၊ ချစ်ခွင့်မရတော့လျှင်လည်း၊ သိပ် ကိစ္စမရှိပါ။ ကျွန်တော့် မြန်မာပြည်ကို၊ ကျွန်တော် . . . ပို ချစ်လိုက် ရုံပါပဲ။

လူတစ်ယောက်ကို၊ ချစ်ခွင့်မပိုင်တော့လျှင်၊ လူထုကို ချစ်





လိုက်ပါ။ (အဲဒါ . . . ပရဟိတပေါ့)။

အဲ . . . အသည်းကွဲနေသူများ။ သူတစ်ပါးကို များများ ကူညီပါ။ ပရဟိတတွေ၊ အများကြီး လုပ်ပစ်လိုက်စမ်းပါ။

လူထုကို၊ ကူညီရင်းနဲ့ . . . ကိုယ့်ထက်၊ အကူအညီ လိုနေ သူတွေကို၊ မြင်တွေ့ပြီး . . . သင် . . . ,

အသည်းကွဲတာ၊ ကောက်ညှင်းပေါင်းလား . . . မုန့်စိမ်း ပေါင်းလား . . . ဟု၊ မေးချင်စိတ် ပေါက်သွားပါလိမ့်မည်။

မယုံလျှင် . . .

အခု . . . ချက်ချင်း၊ သင့် အနီးအပါးက၊ အကူအညီ လိုနေသူတွေကို၊ အမြန်ကူညီလိုက်စမ်းပါ။ သင့်ချစ်သူထက်၊ အရေး ကြီးနေသူတွေကို၊ သင် . . . မြင်ဖူးသွားပါလိမ့်မည်။

❐



www.burmeseclassic.com

www.burmeseclassic.com



ဟေး ...

အသည်းကွဲနေသူများ။

နှလုံးသား အစားထိုးလျှင် ... (သတိ)၊

အားကိုး မှားတတ်သည်။ ။

2011. Jan. 15

9:41 (a.m)

[၂၀၁၁ (ဗြို) ကလျာမဂ္ဂဇင်း]



# ကိုယ့်အကြောင်းနှင့် ... ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

[၁]

သက်ပိုင်တို့အုပ်စု၊ သူ မကျေနပ်တဲ့လူကို၊ သွားသတ်မလို့ . . ဆိုတဲ့၊ သတင်းစကား ကြားကြားချင်း၊ သူတို့လာမယ့်လမ်းက၊ ခရေပင်ကြီးရဲ့အောက်၊ အုတ်ခုံပေါ်မှာ၊ ကျွန်တော် သွားစောင့်နေလိုက်တယ်။

ဒီ . . ကိစ္စ၊ ကျွန်တော် ဝင်ပါသင့်သလား၊ ဝင်မပါသင့်ဘူးလား . . . စဉ်းစားပါသေးတယ်။ လူကြီးတစ်ယောက်အနေနဲ့၊ ဝင်ပါချင်ပေမဲ့၊ ကိုယ့်ကို လူငယ်က, လက်ခံချင်ပါ့မလား၊ လက်ခံနိုင်ရဲ့လား၊ စဉ်းစားရတာပေါ့။ ငါ . . . လူကြီးပဲဆိုတာ တစ်ခုတည်းနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ ဝင်ပါလို့ မရဘူးလေ။

လူဆိုတာက၊ ပုဂ္ဂိုလ်ခင်မှ၊ တရားမင် တတ်တာကိုး။ သက်ပိုင်တို့ တစ်အုပ်စုလုံး၊ ကျွန်တော့်ကို၊ ခင်ကြပါတယ်။ ချစ်လည်း ချစ်၊ ကြောက်လည်း ကြောက် ဆိုပါတော့။

လူငယ်တွေ ပြုမူတော့မယ့် အမှားတစ်ခုခုကို၊ လူကြီးဆိုတဲ့ အရှိန်အဝါတစ်ခုတည်းနဲ့၊ ဝင်ဟန့်တာထက်၊ လူငယ်တွေရဲ့ ချစ်ခင်မှုကို အခြေခံပြီး၊ တွေ့ဆုံ ဆွေးနွေးပြီးမှ၊ ဟန့်တားရင်၊ ပိုကောင်းတယ် ...လို့၊ ကျွန်တော် သိထားတယ်။

ဒါကြောင့် ...၊ တစ်ခါက လူမိုက်ကြီး ကျွန်တော်က၊ လူမိုက်ကလေးတွေကို၊ လာစောင့်နေတာပေါ့။

❑ ❑ ❑



## (၂)

"ဟာ၊ ကိုမျိုးကြီး၊ ဒီမှာ ဘာလုပ်နေတာလဲ"

သက်ပိုင်ရော ...၊ သူ့ သူငယ်ချင်း နှစ်ယောက်ရော၊ အုတ်ခုံပေါ်မှာ ... ဝင်ထိုင်ကြတယ်။

"မင်းတို့ သွားမယ့်နောက်ကို၊ ငါ ... လိုက်မလို့။ ဒီမှာ ... လာစောင့်နေတာ"

"အာ၊ ကိုမျိုးကြီးကလည်း။ ကျိုင်ပဲ"

"ဟုတ်တယ်။ ကျိုင်ပဲ ...။ ဒါပေမဲ့ ...၊ ငါက ...၊ ငါ့ကျိုင် ... ငါ။ ရှင်းပြီးသွားပြီကွ။ အခု



www.burmeseclassic.com

www.burmeseclassic.com



. . . , မင်း ကွိုင်ကို၊ ကူရှင်းပေးဖို့ စောင့်နေတာ''

''ကိုမျိုးကြီးက၊ ဘာကွိုင်ရှိလို့လဲ။ ကျွန်တော်တို့ ရှင်းပေးမယ်''

ကျွန်တော်က . . . ၊ အုတ်ခုံပေါ်က ဆင်းပြီး၊ ခရေပင်ကြီးရဲ့ အမြစ်ပေါ်မှာ၊ ထိုင်ချလိုက်ရင်း . . .

''ငါ့ ကွိုင်က၊ ရှင်းပြီးပြီ၊ မင်း . . . ကွိုင်ကို၊ ကူရှင်းဖို့ စောင့်နေတာပါဆို''

(ကွိုင် = ပြဿနာကို ခေါ်တွင်သည်၊ ဘမ်းစကား)။

''ဟာ။ ကိုမျိုးကြီး၊ အပေါ်မှာ ထိုင်ပါ''

သူတို့ သုံးယောက်စလုံး၊ အုတ်ခုံပေါ်ကနေ၊ ကျွန်တော့် အနားကို၊ ဆင်းလာကြတယ်။

''အပေါ်တွေ . . . အောက်တွေ၊ အရေးမကြီးဘူး သက်ပိုင်။

လေးစားရင် . . . လိုက်နာလိုက်ရုံပဲ။ သွား . . . ၊ အပေါ်မှာ ပြန်ထိုင်''

''ရတယ်၊ ဒီမှာပဲ ထိုင်တော့မယ်။ ဒါနဲ့ . . . ၊





ပြောပါဦး။ ကျွန်တော်တို့က၊ ဘာကို လိုက်နာရမှာလဲ''

ကျွန်တော် ခေါင်းတုံးဆံပင်ပေါက် ဦးခေါင်းကို၊ လက်နှစ်ဖက်နဲ့ ပွတ်သပ်လိုက်တယ်။ ပြီးမှ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ထိုးထိုးထောင်ထောင်တွေကို၊ ဖိပွတ်ရင်း၊ သက်ပိုင်ကို၊ ငဲ့ကြည့်လိုက်တယ်။ သက်ပိုင်က,လည်း၊ ကျွန်တော့်ကို၊ ရဲရဲဝံ့ဝံ့ ပြန်ကြည့်တယ်။

ကျွန်တော်က . . . ,

''မင်းက . . . ၊ ငါ . . . ငယ်ငယ်က,လိုပဲ၊ ဒီဖိုင်းက၊ Fighter (ဖိုက်တာ) ကျတယ်''

''ကိုမျိုးကြီးက၊ ဖိုက်တာပါ''

''အေး။ ဖိုက်တာက . . . မရမ်းကားဘူး။ မှန်တာကို၊ လုပ်ရဲတာ . . . ပြောရဲတာ၊ ဖိုက်တာပဲ''

''ဟုတ်တယ်''

''မင်း . . . မှန်တာကို၊ ပြောရဲတယ် မဟုတ်လား''

သက်ပိုင် ခေါင်းညိတ်တယ်။

''မင်း . . . ကျောအောက်မှာ၊ တားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား”

“ဟား . . .၊ ကျွမ်းလှချည်လား ကိုမျိုးကြီး”

“ကျွမ်းတာ မဟုတ်ပါဘူး။ မစင်ပေဖူးတဲ့ သူက ၊ မစင်နံ့ကို သိတာ”

ရယ်မောကြ၏။ ကျွန်တော်က, ပြုံးရုံသာ ပြုံး၏။

ပြီးမှ . . .

“မင်းက . . . ရပ်ကွက်ထဲမှာ . . . ဟေးလား ဟားလားနေတယ်။ ရှေ့မှာ . . . ရည်းစားသုံးယောက် ရှိခဲ့ဖူးတယ် . . . ဆိုတဲ့ အကြောင်းကို၊ မင်းရဲ့ . . . အခု လက်ရှိရည်းစား အေးသီရိရဲ့ မိတ,ကို မင်းသော် ဆိုတဲ့ကောင်က၊ ချွန်တွန်းသွားလုပ်လို့၊ မင်းနဲ့ အေးသီရိနဲ့ ဝေးသွားရပြီ။

အဲဒါကို၊ မကျေနပ်လို့၊ အခု . . . မင်းတို့ မင်းသော်ကို၊ သွားရှော့ကြမလို့၊ မဟုတ်လား”

“ဟုတ်တယ်”

“မင်း . . .၊ အဲဒီ မင်းသော်ဆိုတဲ့ ကောင်ကို





အခု . . . ဘာမှ၊ သွားမလုပ်ရသေးဘူးနော်။ ဒါပေမဲ့ . . ., အခုချက်ချင်း၊ မင်းကို၊ ရဲဖမ်းလို့ ရနေပြီ”

“ဘာလို့လဲ၊ ကိုမျိုးကြီးရ”

“မင်း . . .၊ ဓားဆောင်ထားတယ်လေ။ အဲဒါ . . . လက်နက်ကိုင်ဆောင်မှုပဲ။

ပုဒ်မ . . . ဆယ့်ကိုး (င) နဲ့၊ မင်းကို၊ ရဲက ဖမ်းပြီး၊ တရားစွဲလို့ ရနေပြီ။ ထောင်ချလို့ ရနေပြီ။

လူတောင် မသတ်ရသေးဘူး။ အနည်းဆုံး၊ ထောင်ဒဏ် တစ်နှစ်ပဲ”

“ဟုတ်လို့လား”

“ပြော်။ မင်းက . . . ဖိုက်တာ လုပ်ချင်နေ ပြီး၊ အမှန်တရားလည်း မသိပါလား”

“မသိချင်တော့ဘူးဗျာ။ ကျွန်တော် အဲဒီ ကောင်ကို၊ ရှော့ချင်တာပဲ သိတယ်။

ကိုမျိုးကြီး ကျွန်တော့်ကို၊ တားမလို့လား”

“မတားပါဘူး။ လူဆိုတာ . . . ကိုယ်မှန်တယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တာ၊ ကိုယ်လုပ်နေကြတာပဲ။ ဒါပေမဲ့ . . .၊ တကယ် မှန်ဖို့ လိုတယ်''

''ကျွန်တော် . . . မှန်တယ်''

''မှန်တာလား။ မှန်တယ် . . . လို့၊ ထင်နေတာလား''

''အဲဒါတော့ . . .၊ မစဉ်းစားတတ်ဘူး''

''အေး။ မစဉ်းစားဘဲ၊ လုပ်ရင် . . . ဘယ်အလုပ်ဖြစ်ဖြစ်၊ ဘယ်လောက် မှန်မှန်၊ မှားတတ်တယ်''

ကျွန်တော် အုတ်ခုံပေါ်တွင်၊ ပြန်ထိုင်လိုက်တယ်။ သက်ပိုင်က ခရေပင်ကို မှီပြီး ထိုင်နေတယ်။

''ငါ . . .၊ ဘာကျိုင်တက်ထားသလဲ၊ မင်း . . . သိလား''

''မသိဘူး၊ ကိုမျိုးကြီး။ ဒါပေမဲ့ . . . ကိုမျိုးကြီး . . . ရွှေတိဂုံစေတီကို၊ မနက်တိုင်း တက်နေတာ၊ ဘိုဘိုကျော်တို့ ပြောလို့၊ သိတယ်''





''မင်းလို ကျိုင်မျိုး၊ ပြီးခဲ့တဲ့ . . . နှစ်လ၊ လောက်က၊ ငါ တက်တယ်''

သက်ပိုင်က . . .၊ ခရေပင်က၊ ကျောခွာပြီး . . .

''ဟုတ်လား၊ ကျွန်တော်တို့၊ ဘာလုပ်ပေးရမလဲ''

''မလိုတော့ဘူး။ ငါ . . . လျှော့ပြီးပြီ၊ မင်းလို . . .၊ ရှုံကောက်နဲ့ ရှော့တာတော့ မဟုတ်ဘူး။ ငါက . . . လ၊ နဲ့ လျှော့လိုက်တာ''

ကျွန်တော့် နံဘေးကို၊ သက်ပိုင် လာထိုင်ရင်း . . .

''ကျွန်တော် . . . နားမရှင်းဘူး''

''ပြောပြရင်၊ ရှင်းသွားမှာပါ။ မင်း . . .၊ နားရော . . . ထောင်ချင်ရဲ့လား''

''ထောင်ချင်တာပေါ့ဗျ''

ပြောပြဖို့၊ ပြင်ဆင်လိုက်တဲ့ အချိန်မှာကို၊ ကျွန်တော့် ရင်ထဲမှာ၊ ဒေါသ၊ လှိုင်းက၊ ထောင်းခနဲ ထွက်ပေါ်လိုက်သေးတယ်။ ဒါကို . . . ဘယ်သူမှ မသိလိုက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိပေမဲ့ လူဆိုတာ၊ ကိုယ့်ကိုယ်ကိုယ် သိရတယ်။ ကိုယ့်အကြောင်း ကိုယ်သိရတယ် . . . ဆိုတော့၊ အဲဒီ ထွက်လာတဲ့ ဒေါသ, လှိုင်းကို၊ အပူမာတ် . . . လို့, ချုက်ချင်း သိပစ်လိုက်တယ်။

သိသိချင်း အဲဒီ အပူလှိုင်း၊ ပျက်သွားပါလေရော . . .။

❑ ❑ ❑



[၇]

"စိုးစိုး . . . ဆိုတဲ့ မော်လမြိုင်က၊ ကောင်မ, လေးနဲ့ ငါနဲ့ ကြိုက်ကြ, ချစ်ကြတယ်ကွ။ ကြာပြီ။

ငါ့အိမ်ကို၊ သူ . . . သုံးခေါက် လာတယ်။ ငါ . . . အမေနဲ့၊ မိတ်ဆက်ပေးတယ်။

အမေနဲ့ မိတ်ဆက်ပေးတယ် ဆိုကတည်းက၊ အဲ့ဒီ ကောင်မ,လေးကို၊ ငါ . . . ဘာလုပ်ဖို့ မိတ်ဆက်ပေးတာလဲ။ မင်း . . . ထင်တာပြော၊ သက်ပိုင်"

"လက်ထပ်ဖို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး။ မှန်တယ်။ အမေက,လည်း သဘောတူတယ်။

အဲဒီ့ကောင်မ,လေးလာရင်၊ သူ ... အလုပ်လုပ်တဲ့ ဘားအံကို၊ ငါ ... လိုက်ပို့တယ်။ သူ ... မလာနိုင်ရင်၊ သူ့ ... အလုပ်ရှိတဲ့ ဘားအံကို၊ ငါ ... သွားတယ်။

တစ်ခါတလေ ... ဘားအံက,နေ မော်လမြိုင်ကိုလည်း၊ ငါ ... လိုက်ပို့တယ်။ သူ့အိမ်ကိုတော့ မဝင်မထွက် ရသေးဘူးပေါ့။

ငါက ... အိမ်ထောင်ပျက်ဖူးတဲ့ ... ကောင်၊ ပြီးတော့ ... ရုပ်က,လည်း၊ လမ်းသရဲပုံပေါက်နေတဲ့ ... ရုပ်။

အဲဒီ့လိုကောင်၊ အဲဒီလို ရုပ်ကြီးကို၊ စိုးစိုး ... ဆိုတဲ့၊ အဲဒီ့ကောင်မလေးက၊ အရမ်းချစ်တာကွ။

ငါက,လည်း၊ သူ့ကို ... သိပ်အားနာပြီး သိပ်ကို ချစ်တာကွ။





တာနောယကွကြီးက သမုဒ္ဒသီဂီကို ချစ်သလိုမျိုး။ ဒသဂီရိုက၊ သီတာဒေဝီကို ချစ်သလိုမျိုးပေါ့ကွာ"

"ကြားရတာ၊ ကြေွတယ်ဗျာ"

"ဘယ်လောက်ချစ်သလဲဆိုရင် ... သူ ... နိုးရာလိုက်မယ်ဆိုတာတောင်၊ ငါ ... ခွင့်မပြုဘူးနော်။

ငါ့ဘဝ ... ကို၊ သူ ... သိသလို၊ သူ ... လက်ခံသလို၊ သူ နားလည်သလို၊ မိဘက ... နားလည်အောင်၊ အသိပေး ဆွေးနွေးဖို့ ငါ ... တောင်းဆိုတယ်။

ချစ်တယ် ... ကွာ။ ဒါပေမဲ့ ... သူနိုးလို မချစ်ရက်ဘူးလေ။ အဲဒါကြောင့် ... နိုးရာမလိုက်နိုင်းဘဲ၊ မိဘ, ခွင့်ပြုချက်ကို၊ အရင် တောင်းနိုင်းတာ။

သူ့မိဘ ... အကြောင်းကို၊ သူ ... သိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။

အိမ်က . . . သဘောတူမှာ . . . မဟုတ်ဘူး

. . . တဲ့"

"ဘာဖြစ်လို့လဲ"

"ပြောပြီးပြီလေကွာ။ ငါက . . . အိမ်ထောင်

ပျက်လေ"

"အိမ်ထောင်ပျက်တာ၊ သောက်ကျင့်ပျက်

တာမှ မဟုတ်တာ"

သက်ပိုင်စကားကြောင့်၊ ကျွန်တော် တဟားဟား ရယ်

လိုက်မိသေးတယ်။

"ဟား ဟား ဟား။ မင်းလို, စိတ်ထားမျိုး

လူတွေမှာ . . . ရှိရင်၊ ကောင်းသားပဲကွ။

ဒါပေမဲ့ . . . လူတွေက၊ တော်တော်တော

ရယ်ဖို့ကောင်းတယ်။

မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြ

ဖြစ်၊ အိမ်ထောင်ကွဲဖူးတယ် . . . ပျက်ဖူးတယ်ဆိုရင်





သနားကမားစိတ် မွေးကြည့်ဖို့နေနေသာသာ၊ အိမ်

ထောင်ကွဲဖူးတယ် . . . တဲ့။ ဆိုတဲ့ . . . ဘာမှန်းမသိ

တဲ့ ပေတံကြီးနဲ့ တိုင်းကြတာ"

"အဲဒါ၊ လူလူချင်း၊ ကိုယ်ချင်းစာစိတ် မရှိ

ကြလို့ပေါ့ ကိုမျိုးကြီးရ။

ဘယ်သူမှ . . . အိမ်ထောင်တွေ အပျော်ကွဲ

နေကြတာမှ၊ မဟုတ်တာ"

"အေးပါ။ မင်းလို . . . စိတ်ထား၊ ကမ္ဘာရှား

ပေါ့ကွာ။

ဆက်ပြောပြမယ်။ စိုးစိုးက . . . သူ့အိမ်ကို၊

အသိပေးလို့၊ သဘောမတူဘူး ဆိုတာနဲ့၊ ပြီးခဲ့တဲ့

ဒီဇင်ဘာလ, တစ်ရက်နေ့ အရောက်။

မဖြစ်,ဖြစ်တဲ့ နည်းနဲ့၊ ငါ့ဆီကို ထွက်လာခဲ့

မယ် . . . တဲ့။

လက်ထပ်စာချုပ်တွေ, မိသားစုဝင်စာရင်း

တွေ, မှတ်ပုံတင်တွေ, ငါ့ဆီကို၊ ပို့ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမတိုင်ခင်၊ သူ့အမေရဲ့ မောင် ... သူ့ဦးလေးဆိုတဲ့ လူက, ငါ့ရဲ့ ... လမ်းသရဲလို နေထိုင်တဲ့၊ စုတ်ပြတ်သတ်နေတဲ့ သတင်းကို၊ ယူပြီး ... မော်လမြိုင်က၊ စိုးစိုးရဲ့ မိဘတွေဆီကို၊ သွားချွန်တော့တာပဲ။

အခု ...,

ငါနဲ့ ... ငါ့ချစ်သူ စိုးစိုးနဲ့၊ ဝေးသွားကြပြီလေ။

ချွန်တွန်းလုပ်တဲ့၊ အဲဒီ့ ဘဲကြီးကို၊ ငါ ... ဘာလုပ်သင့်သလဲ ... သက်ပိုင်။ မင်း ... ပြော"

သက်ပိုင်က၊ ကျောနောက်မှ ဓားမြှောင်ကို၊ ထုတ်ပြီး အုတ်ခုံပေါ်ကို၊ စောင့်ပြီး တင်ပြလိုက်တယ်။

"ရှော့သင့်တယ်"

"အေး။ ငါ ... လျှော့လိုက်တယ်။ နှ... ငါ,ပြောသလို၊ ရ,ကောက်နဲ့ ရှော့တာတော့ မဟုတ်ဘူး။ လ,နဲ့ လျှော့လိုက်တာ"





"စိတ်လျှော့လိုက်တာကို ပြောတာလား"

"အကြမ်းဖျင်း ပြောရင်တော့၊ စိတ်လျှော့တယ်ပေါ့ကွာ။

သေသေချာချာ ပြောပြရရင်တော့၊ ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်လိုက်တာ"

"ကိုမျိုးကြီး Talking လန်းတယ်ဗျာ။ မိုက်တယ်။ ဒါပေမဲ့ ... ဆက်ပြောဦး။ သိပ်နားမလည်သေးဘူး"

ဘေးမှာ ချထားတဲ့၊ သက်ပိုင်ရဲ့ ဓားမြှောင်လေးကို၊ ကောက်ကိုင်လိုက်ပြီး၊ ကျွန်တော် ရယ်လိုက်မိပါသေးတယ်။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

## [၄]

“စိုး မိန်းမပေါ့ . . . မိန်းမပျက် မဟုတ်ဘူး ကိုကြီး။ ဒီဇင်ဘာ တစ်ရက်နေ့ ကိုကြီးဆီကို အရောက် လာခဲ့မယ်။

ဘယ်သူတားတား၊ ရောက်အောင် လာခဲ့မယ်။ ဒါ . . . စိုးရဲ့ တစ်ဘဝစာ ပြောတဲ့ သေချာတဲ့ စကားပဲ . . . ကိုကြီး . . . တဲ့။

အဲဒီ စကား အမှာလေးကို ကြားယောင်နေပြီး၊ မျှော်နေရတဲ့ ငါ့မှာကွာ။





သူ့ဦးလေးဆိုတဲ့ ဘဲကြီးကို၊ အနည်းဆုံး၊ ရင်ဘတ်ဆောင့်တွန်းပြီး . . . ခင်ဗျား . . . ကျုပ်နှလုံးသားကို၊ မြင်လို့လား . . . လို့၊ သွားပြောလိုက်ချင်တာပေါ့”

“ပြောရုံတင် မဟုတ်ဘူး၊ ကိုင်ပစ်လိုက်ရမှာ”

“ငါ . . . ဒီလိုတွေးတယ်ကွ။ သက်ပိုင်ရဲ့ တစ်ချိန်ချိန် တစ်ခါခါတုန်းက,များ၊ သူ့တစ်ပါးရဲ့ ချစ်ခြင်းကို၊ ငါ . . . ခွဲခဲ့မိသလား။

အဲဒီလို တွေးလိုက်တယ်။ ဒီ . . . ဘဝရဲ့ တစ်ချိန်တစ်ခါက,ပဲ ဖြစ်ဖြစ်၊ အတိတ်အတိတ် . . . သံသရာ . . . ဘဝ . . . ဘဝတွေတုန်းက,ပဲ ဖြစ်ဖြစ်။

ချစ်ခင်တွယ်တာနေကြတဲ့ ငှက်ကလေးတွေ၊ ကြောင်ကလေး, ခွေးကလေးတွေကို၊ တကွဲတပြားစီများ၊ ထားခဲ့မိ . . . ပေးခဲ့မိသလား။ အဲဒီလို တွေးပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ...၊ ငါ သိထားတာ၊ တစ်ခုက ... ငါ၊ မလုပ်ဘူးတဲ့ ... အ,ကုသိုလ် ကံ၊ ငါ ... မကြုံရဘူး။ ငါ ... လုပ်ဖူးခဲ့လို့သာ၊ ငါ ... ကြုံရတာ''

''ဒါဆို ...၊ ကျွန်တော်ရောပဲလား''

''ငါ ... အခု ပြောလိုက်ပြီးပြီပဲ။ ကိုယ် ... မလုပ်ဘူးတဲ့ ကံအကြောင်း၊ ကိုယ့်ကို ဘယ်တော့မှ အကျိုးမပေးဘူး။

မင်း ... ခွဲဖူးလို့၊ မင်း, အခွဲခံရတာ။ မင်း ... ကုန်းတိုက်ဖူးလို့၊ မင်း ... ကုန်းတိုက်ခံရတာ။ မင်း ... သတ်ခဲ့ဖူးလို့၊ မင်း ...၊ အသတ်ခံရတာ။ မင်း ... နှောင့်ယှက်ဖူးလို့၊ မင်း ... အနှောင့်အယှက် ခံရတာ။ အဲဒါ ... လောက ... အမှန်တရားပဲ''

''ကိုမျိုးကြီး၊ ပြောသလို၊ ဟုတ်ချင် ဟုတ်မယ်ဗျာ။ ဒါပေမဲ့ ... အဲဒါ ... ကိုယ် မမှတ်မိတော့တဲ့ ... အချိန်ကာလ,တုန်းက၊ လုပ်ခဲ့မိတာပဲ။ အခု





... လုပ်တာမှ မဟုတ်တာ''

''မသိဘဲ ... ပြုပ်သီးစားလည်း၊ စပ်တယ်ကွ။ သိသိနဲ့စားလည်း၊ စပ်တယ်ကွ။

စပ်တာကိုမှ၊ သိသိကြီးနဲ့ ကြိုက်နေတဲ့သူက,တော့၊ စပ်တယ် ... လို့တောင်၊ မထင်ချင်တော့ဘူးကွ။ မင်း ... ဆယ်တန်း မအောင်ခဲ့လို့၊ တက္ကသိုလ် တက်ခွင့်မရတာ မဟုတ်လား''

''ဒါပေါ့''

''ကျွန်တော် မသိခဲ့တုန်းက, မအောင်ခဲ့တာပါ၊ အခု ... သိပါပြီ ... ဆိုရုံနဲ့၊ တက္ကသိုလ် တက်ခွင့်ရပါ့မလား''

''မရဘူးပေါ့''

''စာမကျက်ရင်၊ တက္ကသိုလ်ဝင်တန်း မအောင်ဘူး။ မအောင်ရင်၊ တက္ကသိုလ် တက်ခွင့် မရဘူးဆိုတာ၊ ဟိုတုန်းက ... မသိခဲ့ဘူး။ သတိမပြုမိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခု . . . သိပြီ။ အအောင်ပေး ဆိုရုံနဲ့ အောင်ပါ့မလား''

သက်ပိုင်၊ ခေါင်းရမ်းပြတယ်။

''အခု . . . ဆီးပူတာ . . . ဝမ်းပူတာ၊ မနေ့က ငြုပ်သီးတွေ၊ စားခဲ့မိလို့။

ဒါကို . . . မဟုတ်ဘူး . . . မမှတ်မိဘူး ငြင်း ပယ်နေမယ့်အစား၊ နောက်နောင် ဆီးမပူအောင်၊ ဝမ်းမပူအောင် ငြုပ်သီးကို၊ ရှောင်မှ ဖြစ်မယ် . . . လို့၊ ဆုံးဖြတ်ရတာကွ။

အခု . . . ချစ်သူနဲ့ ကွေကွင်းနေတာ၊ လက်ရှိ ဘဝမှာ . . . ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ်။ အတိတ် ကာလ, ကာလ, . . . ကာလ, တွေတုန်းက . . .

ကိုယ်လုပ်ခဲ့တဲ့ အကြောင်း . . . လို့၊ နှလုံး သွင်းရတာကွ။ ဒီအကြောင်း မဖြစ်ချင်တော့ရင်၊ အခုက . . . စ,ပြီး၊ သူတစ်ပါးကို၊ ကွေကွင်းစေတဲ့ ကံ အပြုအမူတွေ၊ မလုပ်တော့ဘူး။ မကျူးလွန်တော့





ဘူးလို့၊ ဆင်ခြင် ဆုံးဖြတ်တတ်မှ၊ အမှန်တရားကွ။

အတိတ်က . . . ကိုယ်ပြုခဲ့တဲ့ ကံအကြောင်း ကို၊ မမှတ်မိပါဘူး . . . ဆိုပြီး၊ အခု . . . ကွေကွင်း အောင်လုပ်တဲ့ သူကိုပဲ သွားသတ်မယ် . . . ဆိုရင်။

အတိတ်က . . . ကိုယ်ပြုခဲ့တဲ့ ပြစ်မှုကို၊ မသိ ချင်ယောင်ဆောင်ပြီး၊ နောက်ထပ် . . . သူတစ်ပါးကို သတ်ဖြတ်တဲ့ ပြစ်မှုကို၊ ထပ်ကျူးလွန်တယ် . . . ဆို ရင်။ အရင် အပြစ်လည်း မကျေ။ နောက်ထပ် ပြစ် မှုလည်း . . . ထပ်,လုပ်။

ကြွေးဟောင်းလည်း မကြေ။ ကြွေးသစ် လည်း ထပ်တင်။

အဲဒါဆိုရင်၊ နောက်တစ်ခါ၊ ချစ်သူနဲ့ . . . ကွေကွင်းရုံတွင်၊ မက,ဘူး။ အသက်တိုတဲ့သူ . . . ရောဂါထူပြောတဲ့ . . . သူ၊ သူများ အသတ်ခံရတဲ့သူ၊ ထပ်ဖြစ်ဦးမယ်လေ။

ကွေကွင်းအောင်၊ ကုန်းချောတဲ့သူကို၊ သတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ရုံနဲ့၊ ကွေကွင်းနေတဲ့ ချစ်သူနဲ့ ပြန်ဆုံမယ် သေချာရင် ...၊

ငါလည်း ... သွားသတ်ပစ်လိုက်တာ၊ ကြာပြီပေါ့ သက်ပိုင်ရာ''

''ဟာ ... ကိုမျိုးကြီးရာ။ အဲဒါဆို၊ ကျွန်တော် ဘာလုပ်ရတော့မှာလဲ''

''ငါ ...၊ ညစ်ပတ်ခဲ့ဖူးတယ်။ အဲဒါကြောင့် ... ညစ်ပတ်တဲ့ကောင်နဲ့ တွေ့ရတာ။ အခုက ... စ,ပြီး မညစ်ပတ်တော့ဘူး။

ဒီလိုပဲ ... ဆုံးဖြတ်ရတာ။ ညစ်ပတ်တဲ့ ကောင်ကို၊ သတ်ပစ်လိုက်ရုံနဲ့၊ ကိုယ့် ညစ်ပတ်ခဲ့ တဲ့၊ ကံ အခြေအနေကြီးက၊ သန့်ရှင်းသွားမှာမှ၊ မဟုတ်တာ''

''အဲဒီ ... လို၊ အခု ... က, စပြီး၊ မညစ်ပတ်တော့ဘူးဆိုပါတော့။

ချစ်သူနဲ့ ပြန်ဆုံမှာလား''





''ကိုယ် ... ကျူးလွန်ခဲ့ဖူးတဲ့ အ,ကုသိုလ် ကံအရှိန်၊ နည်းရင်တော့၊ ပြန်ဆုံမှာပေါ့။ များရင် တော့ မဆုံတော့ဘူး''

''အဲဒါကို၊ မခံနိုင်ဘူးဗျ''

''သက်ပိုင်။ မင်း ... ယောက်ျား မဟုတ် လား''

''အစ်''

''အဲဒါဆိုရင်။ ယောက်ျားဆိုတာ၊ ကိုယ်လုပ် ရင်၊ ကိုယ်ခံရဲရတယ်။

ကျွန်တော်လုပ်လို့၊ ကျွန်တော် ခံပါတယ်။ အဲဒီ့အတွက်၊ ကျွန်တော့်ကို ဆုတွေ, လာဘ်တွေ ပေးပါ ... လို့၊ တောင်းစရာလိုလို့လား။

ဒီတစ်ခါတော့၊ ရှိစေတော့၊ နောက်တစ်ခါ ... နောက်နောင်၊ ဒါမျိုး မခံစားရအောင်၊ အခုက, စပြီး၊ ကံအဟောင်းဒဏ်ကို၊ ငြိမ်ငြိမ်လေး ခံမယ်။

ကျူးလွန် မိုက်မှားဖူးတဲ့ ကံအရှိန် လျော့သွား



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ဘုရား ... တရား ... နှလုံးသွင်းမယ်။

တကယ်လို့များ၊ အဲဒီ့ အကုသိုလ်က အဟုန်ကုန်သွားရင်တော့၊ ဆုံစည်းနိုင်ကောင်းပါရဲ့။ မဆုံစည်းတော့ရစ်လည်း၊ ဒီ ... ကံကြွေး၊ ဒီ ... ဝဋ်ကြွေး၊ ဒါ ... နောက်ဆုံးဖြစ်အောင်၊ ကောင်းမြတ်တဲ့ စိတ်ပဲ မွေးတော့မယ် ... လို့၊ ဆုံးဖြတ်ရတယ် သက်ပိုင်ရဲ့

သက်ပိုင်၊ ခေါင်းငိုက်စိုက်ချပြီး၊ နှုတ်ခမ်းကိုက်တယ်။ အံကြိတ်တယ်။

"စ,စချင်း၊ မလွယ်ဘူး သက်ပိုင်။ အံကြိတ်ပြီး၊ စိတ်ကို ထိန်းရတာ။ နှုတ်ခမ်းကိုက်ပြီး ဒေါသ,ကို ဖြေရတာ။

လက်သီး ကျစ်ကျစ်ဆုပ်ပြီး၊ ရန်သူကို မေ့ပစ်ရတာ။

ကိုယ့်အကြောင်း ကိုယ်သိတဲ့သူက၊ သူတစ်ပါးအပေါ် ... ကျူးလွန်ဖို့၊ ဒေါသ,ဖြစ်ဖို့ အပြစ်





တင်ဖို့၊ အချိန် မဖြုန်းတော့ဘူး သက်ပိုင်။

ကိုယ့်အမှိုက်ကိုယ် ရှင်းနေရတာနဲ့ပဲ၊ သူတစ်ပါးကို၊ စိတ်ထဲထားဖို့၊ နေရာမရှိတော့ဘူး"

"သတ်ပစ်ရမယ့်သူကို၊ ခွင့်လွှတ်နိုင်းတာလား ကိုမျိုးကြီး"

ကျွန်တော်က ... ရယ်ပြီး ...

"ခွင့်လွှတ်တယ် ... ဆိုတာ၊ ဉာဏ်ကောင်းတဲ့သူမှ၊ လုပ်နိုင်တာကွ"

"ကျွန်တော် ... ဉာဏ်ကောင်းချင်တယ်"

"ဉာဏ်ကောင်းချင်တဲ့သူက၊ ပထမဆုံး၊ သဒ္ဓါ (ယုံကြည်စိတ်) ရှိရတယ်။

ကိုမျိုးကြီး ... ပြောတာ၊ ငါ့ဘဝ ကောင်းကျိုးအတွက် ပြောတာပါလားလို့၊ လက်ခံလိုက်တဲ့ ... စိတ်။ အဲဒါ သဒ္ဓါစိတ်ပဲ။ ယုံကြည်စိတ်ပဲ။

အဲဒီစိတ်, ရှိပြီဆိုတာနဲ့၊ ငါ ... ပြောတာကို၊ မင်း ... လိုက်လုပ်လိုက်ရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ . . . သက်ပိုင်။ မင်းကို . . . ငါ့ ကိုယ်ချင်းစာပြီး ပြောနေတာလား။ ဆရာ . . . လာ လုပ်နေတာလား"

"ကျွန်တော် သိပါပြီ ကိုမျိုးကြီးရာ"

"သိရင်၊ သိတာကို၊ ချက်ချင်း လုပ်။ ချက် ချင်း ငြိမ်းတယ်။

ရေပာ၊ အခုသောက်၊ အခုအေးတယ်ကွ မနက်ဖြန်မှ အေးတာ မဟုတ်ဘူး။

နောက်ပြီး . . .

လူသာမန် နှလုံးသွင်းနည်း၊ တစ်ခု ပြောပြ မယ်။

ကွေကွင်းအောင်လုပ်တဲ့သူတွေက၊ ဘဝ . . . ခြားအောင်လုပ်ကြတာကွ။

ဒါပေမဲ့ . . . သေသေချာချာ စဉ်းစားကြည့် ဘဝခြားဖို့ နေနေသာသာ၊ ကမ္ဘာတောင် မခြားပါဘူး ကွာ။





ဒီကမ္ဘာလုံးကြီး တစ်လုံးတည်းပေါ်မှာ၊ နေရာ . . . ခွဲပြီး ရပ်နေကြရတာပါ။

ခွဲချင်တဲ့သူ . . . ကြိုက်သလောက်ခွဲ။ ချစ်သူ့ ရင်ထဲမှာ . . . ကိုယ်ရှိနေရင်။ ခွဲတဲ့သူတွေ အရှက်ကွဲ သွားမယ်"

"ဟုတ်တယ်ဗျာ။ မိုက်တယ်"

"မင်း အိမ်လိပ်စာ၊ ငါ့အိမ်လိပ်စာကို။ မင်း ချစ်သူ . . . ငါ့ချစ်သူ . . . တို့၊ မှတ်မိကြမှာပါကွာ။

သူတို့ မမေ့လောက်ပါဘူး။ သူတို့ကိုယ်တိုင်၊ မေ့သွားပါပြီ ဆိုရင်တောင်၊ မင်းတို့ . . . ငါတို့က . . . ချစ်သူကို၊ မမုန်းရဘူး။ ခြော် . . . ငါတို့ကံ . . . ၊ တော်တော် ဆိုးရွားခဲ့တာပါလား . . . လို့ပဲ၊ နှလုံး သွင်း။

ကိုယ့်အကြောင်း . . . ကို၊ ကိုယ် . . . သိသွား ပြီပဲ။ ဘာကြောင့်၊ သူတစ်ပါးကို၊ မုန်းရမလဲ"

"ကျေးဇူးပဲ၊ ကိုမျိုးကြီး၊ ကျွန်တော် သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြီ''

အုတ်ခုံအောက်တည့်တည့်ရှိ၊ ရေမြောင်းထဲကို၊ သက်ပိုင် တစ်ချက် ငုံ့ကြည့်ပြီး၊ ကျွန်တော့်လက်ထဲက၊ ဓားမြှောင်ကို၊ ယူတယ် အဲဒီ့နောက်၊ မြောင်းထဲကို နှစ်ပစ်လိုက်တယ်။

''ဓားအပါအဝင်၊ ဘယ် ... လက်နက်ဖြစ် ဖြစ်၊ အပြစ်မရှိပါဘူးကွ။

အဲဒါကို၊ ကိုင်ဆောင်တဲ့သူရဲ့ ... စိတ်ထဲမှာ သာ၊ ဘာ,ဒေါသ,မှ မရှိရင်၊ ဘယ်ဓားမှ၊ ဘယ်လက် နက်မှ၊ ကြောက်စရာ မကောင်းပါဘူးကွ''

''ကျေးဇူးပဲ ... ကိုမျိုးကြီးရာ။ ကိုမျိုးကြီး ကို၊ ကျွန်တော် ကန်တော့မယ်''

သက်ပိုင်နဲ့ သူ့သူငယ်ချင်းတွေ၊ ကျွန်တော့်ကို၊ လက်အုပ် ချီကြတယ်။

''ဘုရားကိုပဲ၊ ကန်တော့ပါကွာ။ ဘုရားကိုပဲ ကျေးဇူးတင်ပါ။ ဘုရားကြောင့်၊ ငါတို့လို၊ လူမိုက် တွေ ... နေကောင်းသွားကြရတာ''





ကျွန်တော် တားနေပေမဲ့၊ လမ်းသရဲဟောင်းကြီးကို သူတို့ ... ကန်တော့ကြတယ်။ လမ်းလေးက၊ အုတ်ခုံမှာပေါ့ဗျာ ...။ ခရေ ပင်၊ အောက်တည့်တည့်မှာပေါ့ ...။ ။

2011- Mar 5

1:15 (a.m)

[အတွဲ (၂) အမှတ် (၅)] [၂၀၁၁- မေလ၊ နှရသိန်မဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# မုန်းသူများနေ့

www.burmeseclassic.com

www.burmeseclassic.com

[၂]

တို့ ... ဝေးသွားကြပြီလား ... စိုး။

ဝေးနေကြတာလား ... စိုး။ ပြန်ဆုံဖို့၊ မျှော်လင့်စရာမရှိတော့တဲ့ အခြေအနေကို၊ ဝေးသွားကြပြီ ... လို့၊ သတ်မှတ်ချင်ပေမဲ့၊ မြင်၊ တွေ့၊ သိ၊ ကြားခွင့် မရဘဲ၊ ကမ္ဘာမြေ တစ်နေရာဆီမှာ၊ တည်ရှိ ရှင်သန်နေရတာကိုတော့၊ ဝေးနေကြရတယ် ... လို့သာ၊ သတ်မှတ်ပါရစေ ... စိုး။

❑



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ ဝေးအောင်၊ သူတို့ ခွဲနိုင်ကြလို့လဲ။ ကမ္ဘာ ခြားသွားရလောက်အောင်တော့ ဘယ်သူမှ မခွဲနိုင်ပါဘူး စိုးရယ်။

စိုးရဲ့ မိဘအသိုင်းအဝိုင်း . . . တွေ၊ ဘယ်လောက် ချမ်းသာကြလို့လဲ။ (ရွှေဆိုင် ပိုင်ချင်ပိုင်မယ်။ ရွှေတောင်ကြီးတော့ မပိုင်လောက်ပါဘူး)။

ရွှေတောင်ကြီးကို ပိုင်ဆိုင်ထားလို့ အင်နဲ့အားနဲ့ ခွဲကြမယ်ဆိုရင်တောင်၊ ဒီ . . . ကမ္ဘာမြေရဲ့ အဝေး၊ ဟိုး . . ., လကမ္ဘာအထိ တက်ပြီး၊ 'စိုး' ကို၊ ပို့မထားလောက်ပါဘူး နော်။

လူ . . . (ကိုယ်) ကိုသာ ခွဲလို့ ခြားလို့ ရချင်ရမယ်။ စိတ် (ခန္ဓာ) ကို၊ ဘယ်လို ခွဲမှာလဲ။

စိုးရဲ့ နှလုံးသည်းခြေထဲမှာ၊ မောင် ရှိနေသမျှ၊ မောင့်ရဲ့ နှလုံးသည်းညွှာထဲမှာ၊ "စိုး" ရှိနေသမျှ၊ ကမ္ဘာမြေရဲ့ တစ်နေရာစီမှာ၊ ရှိနေကြရပါစေ . . . ဝေးတယ် . . . လို့ မောင် . . . မသတ်မှတ်ပါဘူး . . . စိုး။

❑ ❑ ❑



[၂]

ဝဋ်ကြွေး . . . လို့သာ၊ သတ်မှတ်ပါတယ် . . . စိုး။ ဘယ်သူခွဲခွဲ၊ ခွဲတဲ့သူကို မောင် . . . မမုန်းပါဘူး။ (ချစ်သူနဲ့ ကွေကွင်းစေတဲ့ကံအမှုတွေကို၊ မောင် ကျူးလွန်ခဲ့ဖူးမယ် . . . ထင်ပါရဲ့ . . . လို့၊ ကိုယ့်ကိုယ်ကိုယ်သာ၊ အပြစ်ရှာမိပါတယ်)။

ကွေကွင်းအောင် ဖြိုခွင်းကြသူတွေကိုပါ၊ သူတို့ . . . သူတို့ . . . သူတို့ တစ်တွေ၊ ချစ်သူနဲ့သော်လည်းကောင်း၊ မိသားစုနဲ့သော်လည်းကောင်း၊ ပျော်ပိုက်ရာအရပ်မှ သော်လည်းကောင်း၊ ဝေး . . . လွင့် . . . ကွာခြားခြင်း ဘေးဆိုးများမှ၊ ကင်း . . . လွတ် . . .



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းကြပါစေလို့ မောင် . . . အခါမလပ်၊ ဆုတောင်း မေတ္တာပို့သ, ပါတယ် . . . စိုး။

(ဘုရား . . . ဆိုတာ၊ လောက, လူသားတွေအတွက်၊ စိတ်ပြေ လက်ပျောက် ပွင့်တော်မူခဲ့တာ မဟုတ်ပါဘူး။ လောက, တစ်ခွင်၊ စကြဝဠာတစ်ခွင်လုံးအတွက်၊ ဉာဏ်ပညာတွေ ထွန်းလင်းဖို့ သံသရာ ငြိမ်းဖို့၊ ထည့်ထည်ဝါဝါ ပွင့်တော်မူခဲ့တာပါ။)

ဘုရားစကားကို မောင် . . . နားထောင်ပါတယ် . . . စိုး။ (ဘယ်သူ မပြု မိမိမှု . . . ဆိုတာ၊ ဘုရား . . . အဆုံးအမ,ပါပဲ)။

ငါ့ချစ်သူနဲ့ ဝေးရအောင်၊ မင်း . . . တို့လုပ်တယ် . . . ဆိုပြီး၊ ကွေကွင်းစေသူတွေကို၊ ဓားနဲ့ ရမ်းကားရတဲ့, အလုပ်မျိုး၊ မောင် . . . ဘယ်တော့မှ မလုပ်ပါဘူး . . . စိုး။ (ကိုယ့်ကံကိုသာ ကိုယ် . . . မြင်အောင် ကြည့်တတ်မှ၊ ကံကြွေးအသစ် မတင်ရှိတော့မှာပါ)။

❑





ကြက်ကလေး, ငှက်ကလေး, ငါးကလေး, ပုစွန်ကလေးတွေကို၊ သူတို့ . . . သူတို့ . . . သူတို့ . . . နေပျော်ရာမှာ မထားမိဘဲ၊ ကိုယ် လိုရာ ဆောင်ကြဉ်းပြီး၊ သူတို့ . . . သူတို့ရဲ့ ခင်တွယ်သူတွေနဲ့၊ ခွဲခွဲဖူးတယ် ထင်ပါရဲ့ . . . လို့၊ ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်းပါတယ် . . . စိုး။

❑ ❑ ❑



www.burmeseclassic.com

(တိရစ္ဆာန် သတ္တဝါလေးတွေကိုတောင်၊ သူတို့ ခင်တွယ်ရာ ဘဝ ..ဝန်းကျင်က၊ ဝေးရ ...ခွဲရအောင်၊ ငါ ...ပြုမူမိခဲ့ရင်၊ ငါလည်း ...ငါ့ချစ်သူနဲ့ ကွေကွင်းရတာ၊ ဝေးနေရတာမျိုး ရင်ဆိုင်ကြုံတွေ့နိုင်ပါလား ...လို့ စာနာထောက်ထားစိတ်နဲ့၊ ဉာဏ်ပညာ သုံးပြီး၊ ကံ ...ကို နှလုံးသွင်းပါ ...စိုး)

ဘယ်သူ့ကိုမှ မမုန်းပါနဲ့၊ မောင်လည်း ...ဘယ်သူ့ကိုမှ၊ မမုန်းပါဘူး။ မောင့်ကို ...မုန်းနေတဲ့သူတွေ၊ ရှိခဲ့ရင်တောင်၊ အဲဒီ မုန်းနေတဲ့သူကို၊ မေ့ပစ်နိုင်ပါပြီ။

အမုန်းစိတ်နဲ့ ဘဝ ကူးခဲ့ရင်တောင်၊ မုန်းစရာကောင်းတဲ့ ရုပ်အင်္ဂါကြီး၊ ပိုင်ဆိုင်ရမှာ၊ စိုးပါတယ်။

❑❑❑



[၅]

စိုးလည်း ...အချိန်တိုင်းမှာ၊ သတိနဲ့ နေပါ။ (အချိန်တိုင်းကို၊ အကောင်းဆုံး အသုံးချပါ)။

စိုးတို့ ...တစ်မိသားစုလုံး မက်မောနေကြတဲ့ သတ္တဗေဒ ပါရဂူဘွဲ့ကြီးရဖို့၊ စိုး ...ကြိုးပမ်းနေမိချိန်တိုင်း ...၊ ...,

စိုးရဲ့ ...ဂုဏ်ဒြပ် တစ်ခုတိုင်း, တစ်ခုတိုင်းရဲ့, အထောက် အပံ့တိုင်းမှာ၊ ငါးလေးတွေ ...ပုစွန်လေးတွေ ...ဘယ်နှကောင် ...ဘယ်နှကြိမ် သေကျေခဲ့ကြရသလဲဆိုတာ၊ ဒေါက်တာ ဘွဲ့ကြီး ရပြီးတဲ့ နေ့မှာ၊ သေသေချာချာ နှလုံးသွင်းပါ။

www.burmeseclassic.com

[၄]

ဒီလ ... ဖေဖော်ဝါရီလ,ပါ ... စိုး။ ဖေဖော်ဝါရီလ (၁) ရက်နေ့က၊ မောင့် မွေးနေ့ပါ... စိုး။

အဲဒီ မွေးနေ့မှာ၊ လက်ထပ်မယ် ... လို့ ရည်ရွယ်ထားခဲ့ကြပေမဲ့၊ အခုတော့ ပျက်ပြယ်သွားပြီလား ... စိုး။

"ဘယ်နည်းနဲ့မဆို၊ ဖေဖော်ဝါရီ (၁) ရက်မှာ၊ စိုး ... အရောက်လာခဲ့မယ်" ... လို့ စိုး ... ကိုယ်တိုင် အကြိမ်ကြိမ် အထပ်ထပ်၊ ကတိစကားဆိုခဲ့တာပါ ... စိုး။

ကတိပျက်လေခြင်း ... သစ္စာမဲ့လေခြင်း ... လို့, မောင်





အပြစ်မဖို့ပါဘူး။

ဝဋ်ကြွေး ... ကံနာ မကုန်သေးလို့၊ ချစ်သူနဲ့ ဝေးရပြန်သ် ... လို့သာ၊ မောင် ... နှလုံးသွင်းပါ့မယ်။ (ချစ်သူကို အပြစ်လောက်အောင်၊ မောင် ... မမုန်းတတ်ပါဘူး ... စိုး)။

❐

ဖေဖော်ဝါရီလ (၁၄) ရက်နေ့ကို၊ ပြည်ပ, နိုင်ငံတွေက၊ သူများနေ့အဖြစ်၊ နှလုံးသားနဲ့ သတ်မှတ်ကြပါတယ် ... စိုး။ ကွင်းစေသူများ အပေါ်၊ အမုန်းစိတ်တွေများ ရှိခဲ့မိရင်၊ မုန်းများနေ့ကို၊ နှလုံးသားနဲ့ သတ်မှတ်စေချင်ပါတယ် ... စိုး)။

ဖေဖော်ဝါရီလ (၃၀) ရက်နေ့ကို၊ မုန်းသူများနေ့အဖြစ်၊ င့်နှလုံးသားနဲ့ မောင် သတ်မှတ်ပါတယ် ... စိုး။

ဘယ်သောအခါမှ ပြက္ခဒိန်ထဲမှာ ... မရှိနိုင်တဲ့ နေ့စွဲကိုသာ၊ န်းနေ့စွဲအဖြစ်၊ ကမ္ဘာတစ်ဝှမ်းလုံး သတ်မှတ်စေချင်တာပါ ... စိုး။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

ကမ္ဘာကြီးမှာ . . . အမုန်းရက်စွဲ မရှိမှ ကောင်းမယ်လေ။

2010- Feb

7:55 (a.m)

[၂၀၁၁–ဖေဖော်ဝါရီလ၊ Bloom မဂ္ဂဇင်း]



# မျှော်လင့် . . . မိုး

www.burmeseclassic.com

www.burmeseclassic.com

[၂]

## မျှော်လင့်မိုး

ပိတောက်တွေ ...
ပျောက်နေသူ ... ရှာ၊
နွေမှာ ..., ရွှေလျှော့
ကြွေရတော့မယ်။

တစ်ပင်လုံးလန်း
ဝါရွှေလွှမ်းဖို့,
နွမ်းနေ ... နွေဆိုး



www.burmeseclassic.com

www.burmeseclassic.com



ရွာသွန်းဖြိုးပါ ...၊

လွမ်းသူ ပျော်နိုး

မျှော်လင့် ... မိုး ...။ ။

ရင်မှ ဝေးရာကို၊ ပြေးထွက်သွားတယ်လို့တော့၊ ကိုယ် ... မစွပ်စွဲရက်ပါဘူး ကျော့။ ဘယ်လောက် ဝေးဝေး၊ ဘယ်လို ပြေးပြေး အတွေးအာရုံထဲမှာ၊ ကျော့ရှိနေသမျှ ရင်ခွင်နဲ့ ဝေးနေတယ် ... လို့ မထင်ချင်ပါဘူး။

ဒါပေမဲ့ ... ကျော့ရယ်။ ဘဝ ... ကို၊ စစ်ဆေးမိသမျှ ဝဋ်ကြွေးက, ကြီးမားလွန်းပါတယ်။ (ငယ်ငယ်ကတည်းက၊ အခု အချိန်အထိ၊ သင်္ကြန်ရက်တိုင်းမှာ၊ ကိုယ် ... တစ်ခါမှ၊ မပျော်ခဲ့ဖူး ပါဘူး ... ကျော့။ အဲဒါ ... ကိုယ့်ရဲ့ ... ဝဋ်နာ, ကံနာပါပဲ)။ မနှစ် က၊ သင်္ကြန်မှာလည်း၊ ကိုယ့်အနားမှာ၊ ကျော့မရှိဘူးလေ။

ပိတောက်တွေ ဘယ်လောက်ဝါဝါ၊ သင်္ကြန်ရေတွေ ... ဘယ်လောက် အေးအေး ချစ်တဲ့သူ အနားမှာ မရှိရင် ... အရောရောဟာ အရောင်မဲ့၊ နွေထဲ ... ရေထဲမှာတောင်၊ မျက်ရည်ဝဲခဲ့ရတာ၊ ဘယ်လို





ပ် ... အေးရမှာလဲ ကျော့။

ပိတောက်ပွင့်တွေမှာ အလွမ်းတွေ ပေကျံနေသလိုလို၊ သင်္ကြန်ရေမှာ၊ မျက်ရည်တွေ စိုစွတ်နေရသလိုလို၊ နွေက ... ပိုပူ နေသလိုလို၊ ရေက,ပဲ ငို ... နေ၊ ဆူနေရသလိုလိုနဲ့၊ ဘဝရဲ့ အနာ အရ ဝဋ်ကြွေးကို၊ ဒီနှစ်တော့ ... ကျော့ အပြုံးလေးနဲ့ ဆေးကြော ခွင့်ရစေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# [၂]

မြန်မာပြည်ကို စွန့်ခွာတယ် ... လို့ ကိုယ် ဘယ်တုန်းက စွပ်စွဲဖူးလို့လဲ။ မြန်မာပြည်နဲ့ ကိုယ့်ကို ပစ်မထားပါနဲ့ ပစ်မသွား နဲ့လို့သာ ကိုယ် ... ကျော့ကို တောင်းပန်ဖူးတာပါ။

မြန်မာပြည်ကို ကိုယ် သိပ်ချစ်တယ် ... ဆိုတာ ကျော့ လည်း အသိ၊ သူငယ်ချင်းတွေလည်း အသိပါ။ (ကျော့ဒါလီ ... တဲ့ ကျော့ရဲ့ နာမည်လေးကိုတောင် "ကျော့" ... ဆိုတဲ့ မြန် ဝေါဟာရလေးကိုသာ ကိုယ် ... မြတ်မြတ်နိုးနိုး ခေါ်တွင်ခဲ့မိတာ "ကျော့" သတိထားမိမှာပါ။





ကြော့ရှင်းတယ်၊ ကြော့ကြော့မော့မော့လေး ... ဆိုတဲ့ အဓိပ္ပာယ်မျိုးလေးတွေ တွေးတွေးပြီး ကိုယ် ... မြတ်မြတ်နိုးနိုး ခေါ်ဖြစ်ခဲ့တာပါ ... ကျော့။

❑

ပြည်ပ,ကို အထင်ကြီးတယ်၊ ပြည်ပ,ကို အားထားတယ် ... လို့ ဘယ်တုန်းက,မှ ကျော့ကို ကိုယ် အပြစ်မတင်ရက်ပါဘူး။

ကျော့ရဲ့ ဖြူသွယ်သွယ် ခန္ဓာကိုယ်လေးနဲ့ မိသားစုနဲ့ ဝေးရာ ... ဇာတိနဲ့ ဝေးရာမှာ ဝင်ငွေများချင်ရုံ တစ်ခုတည်း ... ချမ်းသာချင်ရုံတစ်ခုတည်းနဲ့ အလုပ်သွားလုပ်တယ် ... ဆိုတာကို ကိုယ် ... ဘယ်လိုမှ မခံစားနိုင်တာပါ ... ကျော့။

တတ်သင့်တဲ့ ပညာ ရှိသင့်တဲ့ အသိဉာဏ်တွေလည်း ကိုယ့်နိုင်ငံမှာ နေရင်းနဲ့ သင်ပြီး သိပြီးသားပဲ ကျော့ရယ်။ (အဝေးသွားမှ သူဌေးဖြစ်မယ် ထင်နေလွန်းတဲ့ ကျော့ ... အသိဉာဏ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ပြောင်းလဲပစ်ချင်မိတာပါ)။

❑

ကျော့ရယ်။ မြန်မာဆန်ဆန် ဘဝကို ဖြတ်သန်းကြရအောင် လားဟင်။

မြန်မာဆိုတာ၊ မိသားစုကို ခင်တွယ်တတ်တဲ့ လူမျိုးပါ။ မိသားစု မခွဲမခွာ၊ နေထိုင်ကြပြီး၊ ရှိတာလေးနဲ့ လှအောင် ဝတ်၊ ရတာလေးနဲ့ . . . ဝ,အောင်စားတတ်တဲ့ . . . အလိုရမ္မက် အနည်းဆုံး၊ လူမျိုးပါ . . . ကျော့။

ကျော့ ယူထားတဲ့ ဘွဲ့။ ကျော့ တတ်တားတဲ့ . . . ပညာ ဉာဏ်နဲ့၊ မြန်မာပြည်မှာ၊ အလုပ်မရနိုင်စရာ၊ အကြောင်း မရှိပါဘူး။ ဝင်ငွေ ပိုချင်တာ၊ တစ်ခုတည်းနဲ့ တခြားမှာ သွားပြီး၊ အလုပ်,လုပ် နေရတာက,တော့၊ ကိုယ့်ကိုယ်ကိုယ် ရက်စက်လွန်းရာ၊ ကျပါတယ် . . . ကျော့။ (ပြီးတော့ . . . ကိုယ့်ကို ရက်စက်ရာ ရောက်နေပါတယ်)။

❑ ❑ ❑



[၉]

တခြား ဘယ်သူ့ကိုမှ၊ ကိုယ် . . . မဝေဖန်ပါဘူး ကျော့။ ဒါပေမဲ့ . . . ကိုယ်ချစ်တဲ့ ကျော့ကို၊ နှစ်ကိုယ်ကြား, စကားနဲ့သာ၊ ဝေဖန်ပါရစေ။

ဆင်းရဲခြင်း . . . ဆိုတာ၊ ဝင်ငွေနည်းပါးလို့, မဟုတ်ပါဘူး ကျော့။ (အလိုရမ္မက်က,သာ၊ လူကို ဆင်းရဲစေတာပါ)။

ငါ့အိမ်မှာ ရုပ်မြင်သံကြားရှိမှ ဖြစ်မယ်၊ ငါ့ ညှိခန်းထဲမှာ၊ လေအေးစက်တပ်မှ ဖြစ်မယ်၊ ငါ့အိမ်မှာ . . . ဒီဗီဒီစက်ရှိမှ ဖြစ်မယ်။ ရေခဲသေတ္တာ . . . လောင်းတပ်မှ ဖြစ်မယ်။ ငါ့မှာ ကားရှိမှ ဖြစ်မယ်။ ငါ . . . ငါ


www.burmeseclassic.com

www.burmeseclassic.com



. . . ငါ . . . သူများထက် သာမှဖြစ်မယ်။ ငါနဲ့ ကျောင်းအတူ ပြီးတဲ့ သူတောင်၊ ဂျပန် ကုမ္ပဏီမှာ အလုပ်,လုပ်နေတာ၊ တိုက်တောင် ဆောက်တော့မယ်။ ငါလည်း, . . . ငါလည်း၊ သူ့ထက်သာမှ၊ သူ့ ပိုင်မှဖြစ်မယ်။

အဲဒီ့ အပိုရ ှ က်တွေက,သာ၊ လူကို ဆင်းရဲစေတာပါ . . . ကျော့။ (ကိုယ် . . . ကျော့ကို၊ သိပ်, ချမ်းသာစေချင်ပါတယ်)။

❑

တချို့ တချို့တွေကို၊ မြင်တွေ့ပြီး၊ ဗဟုသုတ,လေး၊ ပေး ချင်ပါသေးတယ် . . . ကျော့။ တယ်လီဖုန်း (ဘယ်လို ဖုန်းအမျိုး အစားပဲဖြစ်ဖြစ်)၊ ကိုယ်တိုင် ကိုင်တွယ်ပြီး၊ အလုပ်အကြောင်း . . . စီးပွားရေးကိစ္စ၊ ပြောနေရသေးသမျှ၊ အဲဒီ့လူ . . . (တကယ်) မချမ်း သာသေးပါဘူး . . . ကျော့။

(တကယ် ချမ်းသာပြီးသား လူဟာ၊ ဘာအတွက်မှ၊ ဘာ





ကားကိုမှ၊ ပြောစရာ မလိုတော့ပါဘူး)။

❑

မနက်လင်းတာနဲ့၊ ဝမ်းမီးငြိမ်းဖို့အတွက်၊ ထမင်းကြမ်းခဲလေး ကို ရေနွေးပူပူလေးနဲ့အတူ၊ သင့်တင့်ရာ တစ်ခုခုလေးနဲ့၊ စားသောက် တတ်တဲ့သူဟာ၊ မနက်စာအတွက် . . . ဟိုဟို . . . ဒီဒီ . . . ဝေးဝေး လံလံ . . . သွားစရာ မလိုတော့ပါဘူး။

ကားကြီး ကားငယ် အသွယ်သွယ်နဲ့၊ မနက်စာ ကောင်း ကောင်းရတယ် . . . ဆိုတဲ့၊ ဆိုင်ကနားတွေဆီကို၊ အချိန်အကုန်ခံပြီး၊ သွားစရာမလိုတော့ပါဘူး။

ဝမ်းမီးဆိုတာ၊ ဘယ်အစာနဲ့ ငြိမ်းငြိမ်း၊ ငြိမ်းဖို့သာ အဓိက, ပါ . . . ကျော့။

ဒင်္ဂ ဂင်္ဂနဲ့ပဲ ငြိမ်းငြိမ်း၊ ဘူးသီးကြော်နဲ့ပဲ ငြိမ်းငြိမ်း၊ အရေး ကြီးတာက၊ ရမ္မက်နည်းနည်းနဲ့၊ ငြိမ်းတတ်ဖို့သာ လိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com

## မောင်လုမျိုး (ချင်းအရှင်း(၆))

အကောင်းစား ... စား၊ အကောင်းစား ... မက်။ အဲဒ် အပေါ်မှာ ပျော်မွေ့ ကြည်နူး ဂုဏ်ယူချင်နေရင်၊ အဲဒါ ... ကိုယ့် ကြွယ်ဝမှုနဲ့ ... ကိုယ်၊ အပါယ်လက်မှတ်ကို၊ မနက်တိုင်း ဝယ်ယူ နေသလို၊ ဖြစ်နေတတ်တယ် ... ဆိုတာ၊ မြန်မာတိုင်း လိုလို၊ နှလုံး သွင်းတတ်ပါတယ် ... ကျော့။

ထမင်းကြမ်းခဲ စားရတဲ့ ဘဝကို၊ မနှစ်မြို့တတ်တာလည်း ရှမှက်ပါပဲ။ ကောင်းကောင်းစား ကောင်းကောင်းနေဖို့ အာရုံထားလွန်း တာလည်း၊ ရှမှက်ပါပဲ။

ရောက်ရာ ဘဝအခြေအနေမှာ၊ ကံ ... ဉာဏ် ... ဝီရိယ မျှမျှတတနဲ့၊ သင့်တင့်အောင်၊ နေထိုင်လုပ်ကိုင်တတ်ရင်၊ စိတ်နှလုံး အေးအေးငြိမ်းငြိမ်းနဲ့ မြန်မာပီပီသသ, ချမ်းသာကြပါတယ် ... ကျော့။

❒

မနက်စာလေး တစ်ခုအတွက်၊ ပေါ်ပင် ... အစားအစာ





စားရမှာလား။ ဖြစ်သလို စားရမှာလား။ ဈေးကြီးကြီး ဝယ်စားရမှာ လား။ ဈေးနည်းနည်းပဲ ဝယ်စားရမှာလား ... နဲ့၊ လားပေါင်းများစွာ၊ ဝေဆာနေတတ်ရင်၊ မနက်ခင်းမှာကတည်းက ... ရှမှက်မီးနဲ့ စ,တင် ဆင်းရဲနေတတ်ပါတယ် ... ကျော့။

အစာအိမ်ထဲ ဘာထည့်ထည့်၊ ကျေညက်ပြီးတဲ့အခါ၊ အဟာရ သွေး သား ဖြစ်ပြီးရင် မတင့်တယ်စရာ ဖြစ်သွားတတ်တယ် ... လို့ နှလုံးသွင်းပြီး၊ အစာအိမ် ပင်လယ်ကြီးထဲကို၊ ထည့်ချင်တာ၊ ထည့်လိုက်စမ်းပါ ... ကျော့။

(တတ်နိုင်ရင် ... လျှာနဲ့တောင်၊ ပွဲခ, မယူချင်ပါနဲ့တော့)။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

[၄]

မြန်မာဆိုတာ . . . အိုးမကွာ, အိမ်မကွာ၊ စီးပွားရှာချင်ကြတဲ့ လူမျိုးပါ။

မိသားစု ကွေကွင်းနေတယ်ဆိုတာ၊ ကောင်းတဲ့ လက္ခဏာမဟုတ်ဘူး . . . ကျော့။

အဝေးက,နေ ဘယ်လိုချမ်းသာမှုတွေ . . . ပို့ . . . ပို့၊ ဝေးနေရတာကိုက၊ ဘ၀ . . . ငရဲပါ . . . ကျော့။

❑





သင့်တင့်တဲ့ ဝင်ငွေနဲ့၊ သင့်တင့်တဲ့ နှလုံးသွင်းမှုနဲ့၊ သမာအာဇီဝ, အလုပ်ကို၊ မြန်မာပြည်ရဲ့ ဘယ်နေရာမှာဖြစ်ဖြစ်၊ လုပ်ချင်ချင် . . . လုပ်လို့ရပါတယ်။

ကံ . . . ကံ၏အကျိုးကို၊ နားမလည်ဘဲ၊ သူများ ယောင်တိုင်း၊ လိုက် . . . လိုက် ယောင်နေသမျှ၊ ဘယ်သူမှ၊ မချမ်းသာစေရဘူး . . . ကျော့။

❑

ကျော့ရယ် . . .၊ ဆူနေ . . . ပြောနေ . . . အပြစ်တင်နေတာ မဟုတ်ပါဘူး။

တကယ်ချမ်းသာစေချင်လို့ပါ။

❑



www.burmeseclassic.com

www.burmeseclassic.com



သကြံန်ရက်တိုင်းမှာ၊ ဝဋ်နာ ကံနာကြီးခဲ့ရတဲ့ ကိုယ့်အနေနဲ့၊ ဒီနှစ်သကြံန်မှာ၊ ကျော့နဲ့အတူတူ၊ မြန်မာပြည်မှာ ရှိခွင့်ရရင် ကိုယ့်ရဲ့ဘဝ ငရဲ ငြိမ်းအေးရမှာ အမှန်ပါ။

မြန်မာမှန်ရင်၊ သကြံန်ကို ချစ်တတ်ကြပါတယ် ကျော့။

ချစ်တဲ့ မြန်မာပြည်ရဲ့၊ ချစ်တဲ့ သကြံန်မှာ၊ ချစ်တဲ့သူနဲ့အတူ မရှိချင်၊ မပျော်ချင်၊ မတွေ့ချင်၊ မဆုံချင်တဲ့သူ၊ ဘယ်သူမှ မရှိပါဘူး ... ကျော့။

ကျော့ရေ ...

အမြန်ပြန်လာပါ ... လို့ အော် ... မခေါ်တော့ပါဘူး။ သကြံန်ရက်ကလေးလောက်သာ၊ ပြန်လာပါ ... လို့လည်း၊ တိုတို နံ့နံ့ မတောင့်တ,ပါဘူး။ ဘဝ ... တစ်သက်ပန်လုံး၊ မြန်မာပြည်ကို ခေါင်းအုံးအိပ်ပါ ... လို့သာ၊ တောင်းဆို ရင်ဖွင့်ချင်တာပါ ... ကျော့။

(ကျော့ကို သတိရလို့၊ သကြံန်ရက်ကို မှန်းမျှော်ပြီး ကဗျာ တစ်ပုဒ် ရေးဖွဲ့ဖြစ်ပါတယ် ... ကျော့)။

❑





ပိတောက်တွေ ...
ပျောက်နေသူ ... ရှာ၊
နွေမှာ ... ရွှေလျော့
ကြွေရတော့မယ်။
တစ်ပင်လုံးလန်း
ဝါရွှေလွှမ်းဖို့၊
နွမ်းနေ ... နွေဆိုး
ရှာသွန်းဖြိုးပါ ...၊
လွမ်းသူ ပျော်နိုး
မျှော်လင့် ... မိုး ...။ ။

2011- Feb 17

9:25 (p.m)

[၂၀၁၁၊ (ဧပြီလ) မြင်ကွင်းမဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်

www.burmeseclassic.com

www.burmeseclassic.com

[၁]

''ခွဲရမှာ စိုး
မြတ်နိုး ထာဝစဉ်
ခင်မင်တွယ်ငြို
ဖယ်ခွာကြည့်လည်း ...

ရင်ထဲမငြိမ်း
သောကလိမ်းကျံ
လွမ်းမိပြန်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်တွေး
တစ်သက်ပန်ဝေးဖို့
တွေးမိလိုက်တိုင်း မပျော်ဘူး ...''

''ထာဝစဉ်'' ဟု၊ အမည်ပေးထားသော ကဗျာစာရွက်လေး ကို ရတနာအား၊ ကျွန်တော် ပေးလိုက်သည်။ ကဗျာ စာရွက်လေးကို နေးတုံ့စွာ ဖွင့်ဖတ်ပြီး ရတနာက ...

''ငါလည်း မပျော်ပါဘူး သက်နှင်းရယ်''

ကျွန်တော်က ... ''ငါ့ကို စာရေးနော် ရတနာ၊ ရေးတဲ့ စာထဲမှာ ဖုန်းနံပါတ်ပါ ထည့်ရေးပေးနော်။ ငါ ဖုန်းဆက်မယ်။ စာ လည်း မျှော်နေမယ်နော်''

ညှိုးငယ်စွာ ရတနာ ခေါင်းညိတ်၏။ မျက်ရည်ဝေ့ဝေ့လေး ကို ကျွန်တော် မြင်ရ၏။ ကျွန်တော်လည်း ငိုချင်သည်။

''တက္ကသိုလ်တက်ပြီးလို့ ဘွဲ့တွေ၊ ဘာတွေ ရ၊ အလုပ်ဝင်ပြီးတဲ့အခါ ငါတို့ လူကြီးဖြစ်ပြီနော်





အဲဒီအရွယ်ကျရင် ငါတို့ ပြန်ဆုံကြမှာပါနော်
သက်နှင်း''

ကြေကွဲစွာ ကျွန်တော် ခေါင်းညိတ်သည်။ ငိုချင်နေသော ကျွန်တော့် မျက်နှာကို ရတနာ မြင်တွေ့မည်စိုးသဖြင့် သူ့မျက်နှာမှ ခွာတစောင်းလွှဲဖယ်ကာ၊ ကျွန်တော် နေ၏။ ကွယ်ဝှက်ထားမိသော် လည်း သောကဟန်ပန် မလုံခဲ့ပြီ။

''အဲဒီနယ်ကို နင်တို့ ဘယ်နေ့သွားရမှာလဲ''

''နောက်တစ်ပတ် စနေနေ့ သွားရမှာ၊ ဖေဖေ ကတော့ သွားနှင့်ပြီ။ မေမေနဲ့ ငါနဲ့က၊ နောက်က လိုက်သွားကြမှာ''

''ငါ ငိုချင်လိုက်တာ သက်နှင်းရယ်''

နှစ်ကိုယ်တူ ငိုချင်နေမိသည် ဖြစ်သဖြင့် သူ မငိုအောင် ကျွန်တော် မစွမ်းဆောင်တတ်။ ''မငိုပါနဲ့ဟာ'' ဟုသာ ပြောလိုက်မိ သည်။ ပြောမိသည့်အသံ၊ ငိုသံမကင်း။

''ငါတို့ မခွဲရရင် ကောင်းမယ်နော်''

ကျွန်တော် ခေါင်းညိတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ မဝေးရ၊ မခွဲရအောင်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

မတွေးဆတတ်သူကို သိလိုသူက မေးမြန်းနေ၏။ တူယှဉ်ဆန္ဒ ညီမျှသည့်တိုင် ကျွန်တော့်မှာ အဖြေမရှိ။ အဖြေမသိ။

❑

လူမှန်း သိစ အရွယ်ကတည်းက ခင်မင်ခေါ်ပြောနေသူ သူငယ်ချင်းတချို့နှင့် ဝေးကွာ ကွေကွင်းခဲ့ဖူးသည်။ ဝေးကွာခြင်းကြောင့် ဘယ်သူ့အတွက်မျှ ဘယ်တုန်းကမျှ မည်သို့မျှ ကျွန်တော် မခံစားခဲ့ရ။

ငယ်သူငယ်ချင်း (အိမ်နီးချင်း)၊ ရတနာနှင့် ခွဲရ၊ ဝေးရကွေကွင်းရတော့မည်ဟု သိကြားရသောအခါ ကျွန်တော့်မှာ နေမထိထိုင်မသာ။ ရတနာ့မှာလည်း ကျွန်တော့်နည်းတူ မျက်ရည်ဝေ့ဝဲ





ကြေကွဲလျှက်။

"ငါ ... သူ့ကို ချစ်တယ်လို့ ပြောလိုက်ရမလား"

ကံခေ၍ ဝေးရတော့မည် သိသောအခါ၊ ဉာဏ်မီသလောက် တွေးဆမိသမျှ နီးစပ်ရာ သူငယ်ချင်းနှင့် တိုင်ပင်မိလေသည်။

"ဒီနှစ်မှ ငါတို့ မင်းတို့က၊ တက္ကသိုလ်တက်ကြရမှာလေကွာ။ ချစ်တယ်လို့၊ ရတနာ့ကို မင်းပြောလိုက်ရင်၊ ရည်းစားတွေ ဖြစ်သွားကြမှာပေါ့။ ရည်းစားထားဖို့၊ ငယ်သေးတယ် ထင်တယ်"

"ငါက ရတနာ့ကို ရည်းစားလို ချစ်ချင်တာ မျိုးကြီးတော့ မဟုတ်ပါဘူး။ ငါ သူနဲ့ မခွဲချင်တာ။ ဘယ်တော့မှ မမေ့တဲ့သူတွေ ဘယ်တော့မှ မမုန်းတဲ့သူတွေ ဖြစ်ချင်တာ" ... ဟု ကျွန်တော် ပြောတတ်သလောက် စကားဖြင့် ရင်ဖွင့်ပြောပြမိသည်။

"ဘယ်တော့မှ မမုန်းတဲ့သူတွေဆိုတော့ ထာဝရပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထာဝရမှာ နောက်ဆုံး အချိန်ရှိသလား"

"ဘာ"

"အင်း။ ငါ မပြောတတ်ပါဘူး။ အဲ ... ငါ ပြောချင်တာက၊ ဒီလောကကြီးမှာ ထာဝရဆိုတာ မရှိလောက်ဘူး ထင်တာပဲ"

"ထာဝစဥ် ဆိုတာကရော"

"ထာဝရနဲ့ အဓိပ္ပာယ် အတူတူပဲနေမှာပေါ့။ ငါတော့ ဉာဏ်မမီဘူးကွ။

မင်းရော ရတနာရော –

အတူတူ ခံစားနေကြရတာတော့၊ ငါ သိပါတယ်။ ဒါပေမဲ့ ... အကြံမပေးတတ်ဘူး"

"ငါ ဘာလုပ်ရမှန်းလည်း မသိဘူး။ ဘယ်သူ့ကို မေးရမှန်းလည်း မသိဘူး" ... ဟု ခေါင်းကုတ်လျက် ကျွန်တော် ပြောသည်။

"မင်းအစ်ကို၊ ကိုသက္ကကို မေးကြည့်ပါလား"

"ငါ့အစ်ကိုက ရည်းစားပွေတယ်ကွ။ ငါ့ကို ရည်းစားပွေနည်းပဲ သင်ပေးမှာပေါ့။ ထာဝရ ချစ်





မဟုတ်ပါဘူး"

"သူမှ၊ အခု မပွေတော့ဘဲ။ ရည်းစားများလို့ ခဏ ခဏ ချစ်နည်းတောင် သိနေတာပဲ။

အမြဲတမ်း ချစ်နည်း၊ ထာဝစဥ် ချစ်နည်းလည်း သိချင် သိမှာပေါ့"

"မင်းပါ လိုက်ခဲ့" ... ဟု ကျွန်တော် အဖော်ခေါ်သည်။ သူငယ်ချင်းဖြစ်သူ မင်းမြတ်စံ ခေါင်းညိတ်၏။

❒

"လူငယ်ဆိုတာ၊ တစ်ခုခုကို သိချင်ရင် သိအောင် ပြောနိုင်မယ့်နေရာကို၊ အရောက် သွားရတယ်။ ပြီးတော့ တကယ်သိအောင် လုပ်ရတယ်" ... ဟု အစ်ကို ကိုသက္က ပြော၏။

"ဒါပေမဲ့ ... မင်း သိချင်တဲ့ကိစ္စက၊ သိပ် သေးနေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကျွန်တော် ဘဝင်မကျ။ ဒါပေမဲ့ ပြန်မပြောခဲ့။

"ရတနာလေးတို့ မိသားစု၊ ပြောင်းတော့မယ်။ နယ်ကို။ မင်းတို့နှစ်ယောက် မဝေးချင်ဘူး။ ဝေးနေခဲ့ကြရင်တောင် အမြဲတမ်း ထာဝရ ထာဝစဉ် မခွဲရတဲ့သူတွေ မမေ့မမုန်းကြတဲ့သူတွေ၊ ဖြစ်ချင်တယ်။ ဟုတ်တယ်နော်။ မင်းမေးတဲ့၊ မေးခွန်း"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ အစ်ကိုသက္ကက ...

"'ထာဝစဉ်ဆိုတာ။ ထာဝရဆိုတဲ့ ဝေါဟာရနဲ့ အစဉ်ဆိုတဲ့ ဝေါဟာရ တွဲထားတဲ့ စကားလုံး။

ငါ့ရဲ့ ပွေ့ခဲ့ရှုပ်ခဲ့တဲ့ အတွေ့အကြုံအရ ပြောပြရရင်တော့၊ ချစ်သူရည်းစားလောကမှာ၊ ထာဝစဉ်ဆိုတာ မရှိဘူးကွ။

ချစ်သူအချင်းချင်း၊ ထာဝရ ချစ်မယ်နော်၊ ပြောကြတယ်။ ရည်ရွယ်ကြတယ်။ ဒါပေမဲ့ မုန်းစရာလည်း တွေ့ရော။ အဲဒီ ထာဝရကြီးက ပျက်သွားရော။ အနိစ္စ ဖြစ်သွားရော"





အစ်ကိုသက္က၏စကားကို ကျွန်တော် နားရှင်းသော်လည်း နားမဝင်ချင်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် လိုချင်ရာ အဖြေမပါဝင်သေး။

"အဲဒီကောင်မ အကြောင်းမပြောနဲ့တို့။ အဲဒီ အကောင်အကြောင်း မကြားချင်ဘူးတို့။ မောင်တွေ အသည်းတွေ ခေါ်ခဲ့ကြပြီးမှ အကောင်တွေ။ ကောင်မ,တွေ ဖြစ်သွားကြတာကွ"

"ဒါဆို ... အမြဲတမ်းချစ်လို့ရတာ မရှိဘူးပေါ့"

ကျွန်တော် စိတ်စောလွန်းစွာ မေးမိသည်။ အစ်ကို ကိုသက္က က၊ လက်ကာပြပြီး ...

"ဘယ်သူ ခွဲခွဲ၊ ဘယ်လို ကွဲကွဲ၊ ဘယ်လို ဝေးဝေး၊ ဘယ်လောက် ဝေးဝေး၊ အမြဲတမ်း မမုန်း မမေ့ဘဲ တွေးလိုက်တိုင်း သတိရ။ ပြောလိုက်တိုင်း အေးမြနေစေတဲ့ ချစ်ခြင်းမေတ္တာ၊ တစ်မျိုးတော့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားစိုက်ထောင်၏။ သူငယ်ချင်း မင်းမြတ်စံက လည်း စိတ်ဝင်တစား။

"သူ့အကြောင်း မပြောနဲ့ကွာလို့တောင် တ ဖို့မလိုတဲ့အချစ်၊ ပြောလိုက်တိုင်း ကြည်နူး အေးချ နေတတ်တဲ့ မေတ္တာ။

အဲဒီ အချစ်၊ အဲဒီ မေတ္တာနဲ့ ချစ်နေလိုက်တော ဘယ်သူက ဘယ်သူ့ကို ချစ်ချစ်၊ ဘယ်လောက် ဝေးဝေး၊ ဝေးတယ်လို့လည်း မထင်ဘူး။

စိတ်ဆိုးစရာ၊ ကြုံခဲ့ကြရင်တောင် အမြဲတမ်း ခွင့်လွှတ်ကြရတယ်"

"ဘယ်လောက် ဝေးဝေး၊ ဝေးတယ်လို့ တောင် မထင်ဘူး၊ ဟုတ်လား အစ်ကို"

ကျွန်တော် လိုလားမက်မောစွာ မေးမိ၏။ အစ်ကိုသက္က ခေါင်းညိတ်ပြသည်။ ပြီးမှ . . .

"ငါ ရည်းစားတွေ အများကြီး ထားဖူးတယ် လေ။ ဘယ်လောက် ချစ်ကြတယ် ပြောပြော၊ ကိုယ်





အမှား၊ သူ့အမှားတွေကြောင့် ကွဲကွာခဲ့ကြရတာပဲ။

လမ်းမှာ တွေ့ရင်တောင် မျက်နှာလွှဲကြ၊ မျက်စောင်းထိုးကြ၊ ဖြစ်ကုန်ကြတာ။

အခု ငါ ရည်းစားမပွေတော့တာ မင်းတို့ သတိထားမိကြလား"

ကျွန်တော်ရော . . . မင်းမြတ်စံပါ၊ ခေါင်းညိတ်ပြကြ၏။

"'ငါ ကောင်မလေးတစ်ယောက်ကို သိပ်ချစ်မိတယ်ကွ။ သူနဲ့ ကွေကွင်းမှာ ကြောက်တတ်လာတယ်။ သူ မုန်းမှာ စိုးရိမ်လာတယ်။

အဲဒါနဲ့ သူ့ကို အမြဲတမ်း ဘယ်တော့မှ မမုန်းနိုင်တဲ့ အချစ်နဲ့ ချစ်ဖို့ ငါ စဉ်းစားကြည့်တယ်။ စိတ်ဆိုး စိတ်နာစရာ ကြုံရင်တောင်၊ တစ်သက်လုံး ပြန်မခေါ် ရလောက်အောင် မုန်းလို့မရတဲ့ အချစ်မျိုးပေါ့"

"အဲဒါ . . . ဘယ်လိုအချစ်မျိုးလဲ အစ်ကို"

အစ်ကိုသက္ကက ကျွန်တော့်ကို သေသေချာချာ ကြည့်လျက် ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ် . . . နှမချစ်"

"ဩော် . . . ဟုတ်သားပဲ"

"ရတနာလေးက မင်းထက် လပိုင်းတော့ ငယ်မှာပဲ။ အဲဒီတော့ ရတနာ့ကို နှမ,လေးလို ချစ် လိုက်ပေါ့။ ဘယ်လောက်ဝေးဝေး အဲဒါ ငါ့နှမ,လေးလို့ တွေးလိုက်ရင် ရင်ထဲမှာ အေးသွားတာပဲ။

ဘယ်သူ မေးမေး၊ အဲဒါ ငါ့နှမ,လေးပေါ့လို့ ဖြေလိုက်ရရင် စိတ်ထဲမှာ နိုးနိုးလေး ဖြစ်သွားတာ ပါပဲ။

တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုးမိကြရင် တောင်၊ အစ်ကိုက နှမ,ကိုချော့။ နှမ,က အစ်ကို့ကို တောင်းပန်။ ကွေကွင်းစရာ ဘာမှမရှိဘူး။

ချစ်သူ ရည်းစားတွေကျတော့ စိတ်ဆိုးစရာ စိတ်နာစရာကို ညှိနှိုင်းလို့ မရတော့ဘူးဆိုတာနဲ့ စနေ တံဖြုတ်ပြီးသား၊ လက်ပစ်မုံးလိုပဲ ပေါက်ကွဲဖို့က အဆင်သင့်။ ပေါက်ကွဲပြီဆိုတာနဲ့ ပြန်ကျဲ ကွေကွင်း





ဖို့က သေချာပြီ။

မောင်နဲ့နှမ,ဆိုတာ ဘယ်တော့မှ လမ်းခွဲ စရာမလိုဘူး။

မင်းတို့ပြောတဲ့ ထာဝစဉ်ချစ်လို့ရတဲ့ သူတွေ ပေါ့။

မင်းတို့ နင်တို့ နှစ်ယောက်က ဘာတော်လဲ မေးရင် ဘယ်သူမေးမေး ဘယ်သူကမှ သဘောမတူ ဘူး။ မကြည်ဖြူဘူးလို့ ပြောလို့ မရနိုင်တဲ့ အချစ်မျိုးနဲ့ ဖြူဖြူစင်စင် ချစ်ကြသူတွေပေါ့"

ကျွန်တော် ဝမ်းသာကြည်နူးအေးချမ်းစွာဖြင့် အစ်ကိုကိုသက္က ကို လက်အုပ်ချီလျက် ရှိခိုးလိုက်၏။ ရင်ထဲမှာ တကယ် အေးချမ်း သွားခဲ့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စာကျက်ပြီးတိုင်း၊ ညီမလေး ရတနာ၏စာကို ထုတ်ထုတ်ဖတ်ဖြစ်သည်။

ဘယ်သောအခါမျှ မဝေးမကွာ၊ မခွဲ မခွာ၊ မမေ့ မမုန်း နိုင်စေသော ချစ်ခြင်းမေတ္တာဖြင့် ကျွန်တော် ချစ်ရသော ညီမလေး ရတနာ၏ ပြုံးနေသော ဓာတ်ပုံလေးက ကျွန်တော့် စာကြည့်စားပွဲပေါ်တွင် လှပတင့်တယ်စွာ တည်ရှိနေ၏။

ကျွန်တော်တို့ မောင်နှမ နှစ်ယောက် ထာဝစဉ် ချစ်ခင်သွားကြမည်ဟု ကိုယ်စီ ကတိရှိခဲ့ကြသည်။ ။

[၂၀၁၀၊ (နိုဝင်ဘာလ) ဆယ်ကျော်သက်မဂ္ဂဇင်း] အမှတ် (၃)



# ဦးနှောက်ယဲ့က ...ဖိနပ်

www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်ထဲသို့ ဦးနှောက်များ ဖိတ်စင်ပြုတ်ကျသွားလျှင် ထို ဦးနှောက်သည် မည်သို့မျှ အသုံးပြု၍ ရတော့မည်မဟုတ်ကြောင်း အားလုံးသိရှိလက်ခံကြမည်ဟု ယုံကြည်ပါသည်။

ခက်တာက ကျွန်တော့်ဦးနှောက်တွေ ဖိနပ်ထဲသို့ လွင့်စဉ် ပြုတ်ကျသွားခြင်း မရှိသည့်တိုင်အောင် ကျွန်တော့်ဦးနှောက်ထဲသို့ ဖိနပ်များ များစွာရောက်ရှိနေသည်ဟု ခံစားရှုပ်ထွေးနေရခြင်းပင် ဖြစ်၏။ တကယ်ပါ ကျွန်တော့်ဦးနှောက်ထဲမှာ ဖိနပ်တွေ အများကြီးပဲ။

ဘာအလုပ်မျှ လုပ်လို့မရအောင် ရှုပ်ထွေးနေသော အတွေး



www.burmeseclassic.com

www.burmeseclassic.com



အာရုံများသည် ကျွန်တော့် ဦးနှောက်ထဲရှိ ဖိနပ်များပင် ဖြစ်ေ
ထိုဖိနပ်များကို ဦးနှောက်ထဲမှ ထုတ်ဖယ်နိုင်စွမ်း ပေးသနားပါ ဘုရာ
သခင်။

ချစ်သူတစ်ယောက် ရှိခဲ့ဖူးပါသည်။ မုန်းသူတွေလည်း ရှိခဲ
ဖူးပါသည်။ (ကျွန်တော်က မုန်းသောသူများ မဟုတ်ပါ။ ကျွန်တော့်
ကို မုန်းသောသူများ ဖြစ်ပါသည်။)

ချစ်သူအကြောင်းကို ပြောလျှင် ကောင်းမလား။ ဒါမှမဟုတ်
မုန်းသွားတဲ့သူ အကြောင်းကို ပြောလျှင် ကောင်းမလား။ စဉ်းစားလေ
အတွေးတွေ ပိုရှုပ်လေ။ ဦးနှောက်ထဲမှာ ဖိနပ်တွေ ပိုများလေ။

ဖွဲကပင်တောင်ကြီးကို မြင်ဖူးတယ် မဟုတ်လား။ သံလွင်
မြစ်ကြီးကိုရော မြင်ဖူးတယ် မဟုတ်လား။ ထိုသဘာဝအလှပကြီး
နှစ်ခု၏ အနီးဝန်းကျင်တွင် ချစ်သူနှင့်ကျွန်တော် ပျော်ခဲ့ကြတယ်ဆို
ပါတော့ (ပြောပြလိုက်ပါ သံလွင်မြစ်ကြီးရေ)။ "ကိုကို့ကို ကျွန်မ
ဒီဇင်ဘာလ (၁) ရက်နေ့မှာ လက်ထပ်မယ်" ... ဟု သံလွင်မြစ်ကြီး
နံဘေးမှာ ချစ်သူ အကြိမ်ကြိမ် ပြောခဲ့ဖူးပါသည်။ ဘားအံတက္ကသိုလ်
ကြီးရဲ့ဘေးနားက ပလက်ဖောင်းပေါ်မှာ ငုတ်တုတ်ထိုင်ရင်း သူ့ကို





ကျွန်တော် မျှော်ခဲ့ဖူးပါသည်။

သူနှင့်ကျွန်တော် ရွှေရင်မျှော်ဘုရားကြီးကို အတူတူဖူးမြော်
ပြီးသည့်နောက် သူပြောခဲ့သော၊ သူမှာခဲ့သော၊ သူကတိပြုခဲ့သော
လက်ထပ်မည့်ရက်ကလေးကို မျှော်ရင်း မောရင်း ကျွန်တော် ကျွန်
ရစ်ခဲ့သည်ဆိုပါတော့ (ရင်ထဲက မျှော်မောမှုတွေများလွန်းလာသည့်
နောက်ပိုင်း ဘုရားကို ကြည်ညိုပါလျက် ရွှေရင်မျှော်ဘုရားကို တစ်
ယောက်တည်း ဖူးမြော်ဖို့ မဝံ့မရဲ ကြောက်ခဲ့ရလေပြီ)။

"ကိုကို့,ကို ကျွန်မ ချစ်တာ ယုံရဲ့လား" ... ဟု၊ နှုတ်ခမ်း
လှလှလေးဖြင့် တတွတ်တွတ် မေးမြန်းစဉ်က "စိုးကို ကို ယုံပါတယ်၊
ဒါပေမဲ့ ကံကြမ္မာကိုတော့ ဘယ်တုန်းကမှ မယုံခဲ့ပါဘူး" ... ဟု
စိုးရွံ့စွာ ကျွန်တော် ပြောခဲ့မိပါသည်။ (ကံ ကံ၏အကျိုးကို မယုံကြည်
ဟု ဆိုလိုခြင်း မဟုတ်ပါ)။ ထားခဲ့ဖူးတဲ့ သစ္စာ၊ ချခဲ့ဖူးတဲ့ပန္နက်၊
အတူဖြတ်သန်းခဲ့ဖူးသည့် အတိတ်သံသရာခရီး၏ ရေစက်ကံကြမ္မာ
ကို ပြင်နိုင်စွမ်းမရှိခြင်းကို ဆိုလိုပါသည်။ ထို့အပြင် ပစ္စုပ္ပန်အခြေအနေ
၌လည်း ကျွန်တော့်လို ဘဝကြမ်းကြမ်း၊ လူကြမ်းကြမ်းတစ်ယောက်
နှင့် နုနုဖပ်ဖပ် ဖွေးဖွေးဥဥ သူ့ဘဝလေးနှင့် မအပ်စပ်သော ကံ



www.burmeseclassic.com

www.burmeseclassic.com



တရားလည်း ရှိနေနိုင်ပါသည်။

"ကံက ခွဲရင် ကွဲတတ်တယ်" … ဟု ကျွန်တော် ပြောမိခဲ့စဉ်က နှုတ်ခမ်းလှလှလေးစူလျက် စိတ်ဆိုးသွားသောသူ့ကို မည်သို့မျှ ချော့မော့စကားမဆိုဘဲ ကျွန်တော် ငေးကြည့်နေခဲ့မိပါသည်။ ဝေးရမည်ဟု ကြိုမသိသော်လည်း ငေးကြည့်မိစဉ်၊ ထိုခဏ၌ ဝေးရမည်ကို၊ စိုးရိမ်နေကြောင်း သူသိရှိလိမ့်မည် မဟုတ်ပါ။

"အသိုင်းအဝိုင်းက သဘောမတူဘူး" … ဟူသော အကြောင်းပြချက်ဖြင့် လမ်းခွဲစကား၊ သူ … ပေးခဲ့လေ၏။

ကျွန်တော် စာကြည့်စားပွဲမျက်နှာပြင်ပေါ်ရှိ သူ၏ပြုံးနေသော အလှဓာတ်ပုံများ ကျွန်တော့်ကို လှောင်ပြောင်နေသလား မေးလိုက်ချင်သည်။

ချစ်စကားပြောခဲ့စဉ်က သူနှင့်ကျွန်တော်၏အနီးတွင် သံလွင်မြစ်ကြီးသာ ရှိခဲ့ပါသည်။ ဆုံစည်းဖို့ ရည်စူးမိခါမှ အသိုင်းအဝိုင်းမိသားစုဟူသော ဝေါဟာရကြီးသည် မြစ်ရေကို လှုပ်ခတ်စေသော လှိုင်းလုံးများပမာ ကမ်းစပ်ကို ကျိုးပဲ့စေသော လှိုင်းကြမ်းများပမာ နှလုံးသည်းခြေသို့ ခွဲချေခဲ့လေသည်။





"တစ်ခါတည်းမှာထားမယ်နော်။ တစ်သက်လုံးစာ တစ်ခွန်းတည်း ပြောထားမယ်နော်။ ကျွန်မဘဝမှာ ကိုကိုမရှိရင် မဖြစ်ဘူးနော်" … ဟု သေသေချာချာ မှာကြားခဲ့ဖူးသော သူ့စကားလှလှလေးသည် ထိုသို့ပြောစဉ်က မုသားဟု လုံးဝ ကျွန်တော် မတွေးဖြစ်ခဲ့ပါ။ ယခုအချိန်ထိလည်း လုံးဝမတွေးရက်ပါ။ သူက မုန်း၍ လမ်းခွဲသည်ဟု တွေးမိချင်သည့်တိုင်အောင် ကံကခွဲ၍ ကွဲသည်ဟုသာ ခံယူခံစားနေပါမည် ချစ်သူရေ။

လွမ်းသည်ဟူသော ဝေါဟာရလောက်ဖြင့် သူ့ကို တမ်းတ၍ မရစကောင်း။ သတိရလွန်းပါသည်ဟူသော စကားလောက်မျှဖြင့်လည်း ရင်တွင်းအစိုင်ခဲသည့် ပြည့်စုံကုံလုံလိမ့်မည် မဟုတ်။ ရင်ခွင်၌ပင်မက နှလုံးသားတစ်ခုလုံးနှင့်လည်းမမျှ ဦးနှောက်တစ်ခုလုံးပင် လောင်ကျွမ်းကြေကွဲရသည်ကို (မနှိုင်းကောင်း နှိုင်းကောင်း) ဖိနပ်တစ်ရံဖြင့် နှိုင်းပြလိုက်လျှင် ကျွန်တော် ရှင်းစိုင်းပေလိမ့်မည်။ ဒါပေမဲ့လေ ဦးနှောက်ထဲက ရှုပ်ရှုပ်ထွေးထွေး အတွေးအာရုံများကို ကိုယ့်ကိုယ်ကိုယ် ဖိနှိပ်သောအားဖြင့် ဖိနပ်နှင့်သာ နှိုင်းလိုက်ပါရစေ။ ချစ်သူနှင့်ပတ်သက်သော ဖိနပ်တစ်ရံကို ဘာနှင့်ဆွဲထုတ်ရမလဲ ဦးနှောက်ရေ။ မုန်းသွား



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်အကြောင်း ထပ်ပြောပြမယ်နော်။ မုန်းသွားသူဟုသာ ဆိုရပါသော်လည်း ကျွန်တော့်ကို ဟိုး … တစ်ချိန်တုန်းက သိပ်သိပ်ချစ်တယ်ဟု ပြောခဲ့ဖူးသူပါပဲလေ။

သူက စိတ်ထားကောင်းပါသည်။ ရုပ်ရည်ချောပါသည်။ ဉာဏ်ပညာလည်း အသင့်အတင့်ရှိပါသည်။ သူ၏အပေါ်၌ ကျွန်တော်၏ တုံ့ပြန်ချစ်စကားတို့သည် ကြမ်းရှခဲ့မိသည်ဟု ကျွန်တော် ဝန်ခံလိုပါ၏။ သူကလည်း မေးဖူးပါသည်။

"မောင့်ကို ကျွန်မချစ်တာ ယုံ ကြည်ပါရဲ့လား"

"စစ်ထွက်ယောကျ်ားကို စစ်အောင်မှသာ ချီးကျူးရာ၏။

ကောက်နှံစပါးကို ကျီသို့ရောက်မှ ချီးမွမ်းရာ၏။

မိန်းမကို သေမှ ချီးကျူးရာ၏။"

အထက်ပါစာကြောင်းသုံးကြောင်းကို အဝေးသို့ ကြည့်ငေးလျက်၊ ကျွန်တော် ရွတ်ပြမိပါသည်။ အမှန်က မိန်းမကို.အရွယ်လွန်မှ





ချီးကျူးရာ၏ဟူသော စကားမှုရင်းအတိုင်းမဆိုဘဲ သေမှချီးကျူးရာ၏။ ဟု ပြောလိုက်မိခြင်းကို သူတော်တော် စိတ်နာသွားပါသည်။ (အမှန်အတိုင်း ဝန်ခံပါရစေ။ ထိုကိစ္စ၌ ကျွန်တော် မှားပါသည်)

သိပ်မကြာခင်အချိန်အတွင်း၌ နောက်ထပ် ပြဿနာတစ်ခု တက်ပါသည်။ သူနှင့်ကျွန်တော် ဖြစ်သော ပဋိပက္ခပြဿနာ မဟုတ်ပါ။ သူ့အသိုင်းအဝိုင်း၊ သူ့ဆွေမျိုးသားချင်း၊ သူ့မိသားစုနှင့်သူ အဆင်မပြေခြင်း ဖြစ်၏။

"နှင် ရင်ဆိုင်ရတဲ့ ပြဿနာအားလုံးဟာ နှင်မှားမှားမှန်မှန် နှင့်အကုသိုလ်ကြောင့်ဖြစ်တာ"

အထက်ပါအတိုင်း ဝေဖန်ထောက်ပြမိခြင်းကို သူ လွန်စွာစိတ်ဆိုးပါသည်။ သူ့အား ချိုးနှိမ်သည်ဟု ပြန်လည်စွပ်စွဲပါ၏။ ကျွန်တော်က … "ငါ စေတနာနဲ့ ပြောတာ နှင် ဉာဏ်ကောင်းကောင်းနဲ့ နားထောင်။ ဘယ်လောက် အကုသိုလ်ကင်းပါတယ်ဆိုတဲ့လူဖြစ်ဖြစ် သူတို့ရဲ့မစင် အညစ်အကြေး မိလ်ရဲဝမ်းထဲမှာ ကြက်ဥတစ်လုံးလောက် ရှိတယ်လို့ ငါ ကြားဖူးတယ်။ အနည်းဆုံး အဲဒီအကုသိုလ်လောက်တော့ နှင့်မှာ ရှိလိမ့်မယ်" … ဟု ကျွန်တော် သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါသည်။ နင်ကောင်းလျက်နဲ့ နင့်အပေါ် သူတစ်ပါး မကောင်းတာ သူတစ်ပါးကို အပြစ်မတင်နဲ့။ နင့်အကုသိုလ်ကို နင်မြင်အောင်ကြည့်"

ထိုစကားအဆုံး၌ သူ ကျွန်တော့်ကို တော်တော်မုန်းသွားပါသည်။ မုန်းတဲ့သူကို မမုန်းပါနဲ့ဟု ကျွန်တော့်မှာ တားဆီးနိုင်စွမ်းမရှိပါ။ အထင်လွဲခြင်းအပေါ် ရင်နာရပါသည်။ ဉာဏ်နည်းလေသူဟုလည်း မစွပ်စွဲရက်ပြန်။

မုန်းသွားသူနှင့် ပတ်သက်သော အတွေးစတို့သည်လည်း ကျွန်တော့်ဦးနှောက်ထဲ၌ ဖိနပ်အရံရံ။

အားလုံးကို ကျွန်တော် စကားပြောချင်ပါသည်။ ဦးနှောက်ထဲက ဖိနပ်တွေအကြောင်း တသွင်သွင် တစိမ့်စိမ့်ခွဲချပြောပြချင်ပါသည်။

အသက်ကြီးသောသူများ တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင်သည့်အခါ၊ ချီးမွမ်းစကားတွေဆိုကြပြီး နောက်ကွယ်ရောက်သောအခါ၊ ကဲ့ရဲ့အတင်းစကားများ ပြောတတ်ဆိုတတ်ကြသည်ကို တွေ့သိမြင်ရဖန်များသောအခါ၌လည်း ကျွန်တော့်ဦးနှောက်ထဲတွင် ဖိနပ်တွေ





တစ်ပြုံကြီး ရောက်ရှိလာသည်။ အဲဒီဖိနပ်တွေကို ဘယ်လိုလွှင့်ပစ်ရမလဲ။ အားလုံးနဲ့ တကယ်စကားပြောချင်တာပါ။ ဒါပေမဲ့ ကျွန်တော် မပြောရဲတော့ဘူး။ အထူးသဖြင့် ငယ်ရွယ်သူကို စကားပြောလျှင် ချိုးနှိမ်သည်ဟု အထင်ခံရမှာ စိုးပါ၏။ ရွယ်တူချင်း စကားပြောလျှင် ယှဉ်ပြိုင်သည်ဟု ထင်မြင်ကြမှာ စိုးပါသည်။ အရွယ်ကြီးရင့်သူများကိုလည်း စကားမပြောရဲပါ။ ရှေ့တစ်မျိုး နောက်တစ်မျိုး မုသားလက်သီးတွေနဲ့ ထိုးမှာ ကြောက်ပါ၏။

ကျွန်တော့်ကို စကားပြောခွင့်ပေးပါ။ ကျွန်တော့်ကို သိတဲ့သူကျွန်တော်က သိတဲ့သူ တစ်ယောက်တည်းနဲ့ပဲဖြစ်ဖြစ် စကားပြောနေချင်ပါသည်။ စကားပြောခွင့်မရလျှင် ကျွန်တော့်ဦးနှောက်ထဲ၌ ဖိနပ်တွေ ရှုပ်ထွေးနေပါလိမ့်မည်။ (ဖိနပ်တွေကို လွှင့်ပစ်ဖို့)

(ငါ့ကို မင်းနဲ့ နှစ်ယောက်တည်း စကားပြောခွင့်ပေးပါ အချစ်ကလေးရေ) ...။ ။

2011- Feb 2

6:10 (p.m)

[(ရောင်စုံတိမ်တိုက်များ) ကလောင်ရှင်]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၁]

"ညီမ,လေးရဲ့ ရက်လည်ကို ဘာဖြစ်လို့ မလာတာလဲ"

ကျွန်တော် ... ချယ်ရီဦးခေါ်မျက်နှာ ဖွေးဖွေးလေးကို သနား [illegible]စွာဖြင့် ငေးကာ ...

"အစ်ကို တမင်မလာတာပါ ညီမ,လေး။ အဲဒီနေ့က၊ အစ်ကို, ဘုရားရင်ပြင်တော်ပေါ်မှာ၊

ညီမ,လေးကို၊ ရည်စူးပြီး ပုတီးစိပ်ပေးနေတာ"

"ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ညီမ,လေးရယ်"

မျက်နှာငုံ့လျက်၊ ချယ်ရီဦး ငိုလေသည်။

"ဘာဖြစ်လို့ ငိုတာလဲ ညီမ,လေး"

သူ . . ., ခေါင်းခါ၏။

"မငိုပါနဲ့ကွယ်"

မျက်ရည်များကို၊ ဖယ်သုတ်ပြီး ချယ်ရီဦးက၊ ကျွန်တော့်ကို၊ ကြေကွဲစွာကြည့်ရင်း . . .

"ညီမ,လေး၊ သွားရတော့မယ်။ အစ်ကိုကို လာနှုတ်ဆက်တာ"

"ဘယ်ကို သွားရမှာလဲ"

သူ ခေါင်းခါ၏။ ပြီးမှ . . .,

"ကောင်းရာ မွန်ရာ သွားရဖို့ အစ်ကို, ကူညီပါနော်"

ကျွန်တော်၊ ခေါင်းညိတ်မိသည်။ ရင်ထဲတွင်၊ လှပ်ခနဲ ဖြစ်သွားသည်။ အမြင်အာရုံ၌ မှောင်အတိ ဖြစ်သွား၏။ မြင်ကွင်းမှ ချယ်ရီဦး ပျောက်ကွယ်သွားသည်။





"ညီမ,လေး . . .၊ ညီမ,လေး၊ ချယ်ရီဦး"

အော်ဟစ်မြည်တမ်း ခေါ်ငင်ရင်း၊ ကျွန်တော် အိပ်ရာမှ နိုးသွားရသည်။

ရင်မောသည် . . . ဟု၊ ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။ တစ်ကိုယ်လုံးတွင်၊ ချွေးများ စို့ရွှဲနေလေသည်။

စားပွဲပေါ်ရှိ ပြက္ခဒိန်ကို၊ ကြည့်မိ၏။

၂၀၀၉၊ ဖေဖော်ဝါရီ ၁၃။ ထိုရက်စွဲကို ကြည့်ရင်း, ဝမ်းနည်းသလို၊ ခံစားရလေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## ၂

မိုးဟိန်း တာဝန်ထမ်းဆောင်ရာ (-----) ဆေးရုံသို့ ကျွန်တော် သွားသည်။ သူ duty အထွက်ကို၊ ထိုင်စောင့်ရင်း လူနာဆောင်များဘက်သို့ ငေးကြည့်နေမိ၏။

❑

"နောက်ကျလှချည်လား"

"လူနာအသစ် ရောက်လာလို့"





မိုးဟိန်း ထွက်လာရာ လူနာဆောင်ဘက်သို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ မိုးဟိန်းက . . . ,

"လူနာက၊ ငယ်ငယ်လေးကွ၊ သနားပါတယ်"

"ဒါ . . . ကလေးဆေးရုံမှ မဟုတ်တာ"

"ကလေးလေးလို ငယ်တာကို၊ ပြောတာ မဟုတ်ဘူးကွ။ အသက်နှစ်ဆယ်လောက်ကို ပြောတာ။ မိန်းကလေး လူနာ"

"ဪ"

လူနာဆောင်အပြင်ဘက်တွင်၊ တူညီဝတ်စုံများနှင့်၊ လူနာလိုက်ပို့သူတွေကို မြင်ရ၏။ လူနာကို၊ လှစ်ခနဲသာ မြင်လိုက်ရသည်။

"လူတွေ များလှချည်လား"

"အင်း။ ကုမ္ပဏီဝန်ထမ်းတွေ။ သူတို့ လိုက်ပို့ကြတာ"

ကျွန်တော် . . . လူနာခုတင်ရှိရာသို့ ထပ်ကြည့်မိပြန် သည်။ မျက်လုံးဝိုင်းဝိုင်း၊ မျက်နှာသွယ်သွယ်၊ ပိန်ပိန်ပါး၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မ,လေးတစ်ယောက်။ လူနာခုတင်ပေါ်တွင်၊ မှီထိုင်နေသည်ကို၊ မြင်ရ၏။

"လာလေကွာ"

မိုးဟိန်း လှမ်းခေါ်မှ၊ ကျွန်တော် ထွက်လာခဲ့၏။

❑

မိုးဟိန်းက၊ သူ ‥ တာဝန်အားလပ်ချိန်တွင်၊ ဘောလုံးကန်သည်။ ကျွန်တော်က, ဘောလုံးကွင်းသွားဖို့ သူ့ကို ဆေးရုံမှာ၊ ဝင်ခေါ်ခြင်းဖြစ်၏။

❑



{၇}

တစ်ပတ်လောက်ကြာသည်အထိ၊ ပိန်ပိန်ပါးပါး ကောင်မ,လေး၊ ဆေးရုံမဆင်းရသေး။ ကျွန်တော် ဖြတ်သွားဖြတ်လာ၊ ချောင်းကြည့်မိသည်။ တစ်ခါတစ်ရံ အိပ်ပျော်နေ၏။ တစ်ခါတစ်ရံ အစာ စားနေ၏။

❑

ဆယ်ရက်ခန့်ကြာသောအခါ၊ မိုးဟိန်း၊ duty ဝင်နေမှန်းသိလျက်၊ ဆေးရုံပေါ်သို့၊ ညနေပိုင်း ကျွန်တော် သွားဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အားလပ်ချိန်မှာ၊ ကော်ဖီအတူသောက်ရန် ဖြစ်သည်။

ဒါပေမဲ့ ...၊ မိုးဟိန်း ခွဲခန်းဝင်နေသည်ဟု၊ သိရ

လူနာဆောင်ထဲတွင်၊ ကျွန်တော် ...ဟိုငေး၊ ဒီငေး လုပ်နေစဉ်

ဝိန်ဝိန်ပါးပါး ကောင်မလေး၏ ခုတင်ဘက်သို့ ကြည့်မိ၏။ လူ

အုံနေသည်။

စာရေးဆရာဆိုတာ၊ စပ်စုတတ်တာလား။ စာနာတတ်တာ

လား ...၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မသဲကွဲ။ ထိုနေရာသို့

အပြေးသွားဖြစ်၏။

❑

ကောင်မလေး။ မျက်ဖြူလန်နေသည်။ အသက်ရှူပုံ မြန်

ဆန်လွန်းနေ၏။ နံဘေးရှိ လူအများအနက်၊ မိခင် ဖြစ်ဟန်တူသော

အဒေါ်ကြီးက၊ အသံတိတ် ငိုနေသည်။

"ဘာရောဂါ ဖြစ်တာလဲ"





"၄

"ခသောက် ... ခေါ်လေ"

"လာကြည့်ပြီးပြီ၊ အခြေအနေ မကောင်း

ဘူး"

ဦးလေးဖြစ်ဟန်တူသော၊ လူတစ်ယောက်က၊ တီးတိုးပြော

၏။ ဖခင်ဖြစ်ဟန်တူသည့်၊ လူကြီးက ...၊

"ရောဂါက၊ ကျွမ်းသွားပြီလေ"

ကျွန်တော်က ...၊ လူတတ်ကြီးလုပ်လျက် –

"တီဘီ ... ရောဂါက၊ အသေအပျောက်

မရှိလောက်ပါဘူး"

အားပေးလိုစိတ်ဖြင့်၊ တီးတိုးပြော၏။

"ရောဂါပိုးတွေက၊ အဆုတ်ထဲ ပျံ့နေပြီ

... တဲ့။ ဆရာဝန် ပြောတယ်။

ပြီးတော့ ... သမီးက၊ အစာမစားတော့၊

ပိုဆိုးတာပေါ့"

"ကျွန်တော် ထိုင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ငိုနေသော၊ မိခင်နံဘေးသောက်သိုင်းပြီး မျက်ဖြူလန်နေသော ကောင်မ,လေးကို၊ ကရုဏာသက်စွာ ကျွန်တော် ငေးကြည့်မိသည်။

စိတ်ထဲမှလည်း၊ တတ်သမျှ မှတ်သမျှ ဘုရားစာတွေ၊ ရွတ်ဖတ်၊ ပူဇော်ပေးနေမိ၏။

ကျွန်တော် ထိုင်ရာမှ ထ,ရင်း၊ မိခင်ဖြစ်သူကို၊ လက်တို့လိုက်သည်။ ပြီးနောက် …, အခန်းဝ,သို့၊ ခေါ်ခဲ့၏။

"ကျွန်တော့် သူငယ်ချင်းက, ဆရာဝန်ပါ။ ဒီဆေးရုံကပဲ။ ကျွန်တော် …, သူ့,ကို၊ သွားခေါ်ပေးပါ့မယ်။ အန်တီက, လူနာအနားမှာ၊ ငိုမနေနဲ့လေ။ လူနာကြားသွားရင်၊ မကောင်းဘူး"

အလေးတယူ၊ ခေါင်းညိတ်၏။ ပြီးနောက် …,

"ဆရာဝန်တွေ၊ လာကြည့်ပြီးသွားပြီ၊ သားရဲ့။ နောက်ဆုံးအချိန် … လို့ ပြောတယ်"

ကျွန်တော် သက်ပြင်းချမိ၏။

"ဒါ … ဆွေမျိုးအားလုံးပဲလေ။ နယ်ရောက်နေတဲ့၊ သူ့,အစ်မ,ကတော့၊ မီနိုင်တော့မယ်၊





မထင်ဘူး"

"တီဘီရောဂါကို၊ သောက်ဆေးနဲ့တွင်၊ ကုသ,နိုင်နေပါပြီ။ သူက, ဘာဖြစ်လို့ ဒီလောက်ဖြစ်သွားရတာလဲ" … ဟု၊ ကျွန်တော် မေးမိသည်။ ဖခင်ဖြစ်သူက …,

"ဖြစ်နေတာကြာပြီ။ ဆေးတော့ သောက်တယ်။ အစားမစားဘူး။ ပြီးတော့ … ကုမ္ပဏီမှာ၊ အလုပ်ဝင်လုပ်တယ်။ အသွားအလာများတဲ့အလုပ်။ ဦးလေးတို့က, မလုပ်ခိုင်းဘူး။ မိဘကို၊ အလုပ်အကျွေးပြုချင်လို့ … ဆိုပြီး၊ ဇွတ်လုပ်တာ။ ပင်ပန်းတဲ့ဒဏ်တွေရော၊ အစားမမှန်တာရော၊ စုသွားတာပါ"

"ဩော်"

လူနာရှိရာသို့၊ ကျွန်တော် လှမ်းကြည့်ပြီး …

"ကျွန်တော် … ဆရာဝန်မဟုတ်ပါဘူး။ ကျွန်တော် …"

ပြောသင့် မပြောသင့်၊ စဉ်းစားပြီးမှ …



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် . . . စာရေးဆရာပါ"

ကျွန်တော့်အမည်ကို၊ ပြောမိသည်။ ပြီးမှ . . . ,

"ဒီ . . . ညီမ,လေးကို၊ ကျွန်တော် ကူညီချင်တယ်။

အသက်အန္တရာယ်ကို၊ ကာကွယ်နိုင်လောက်တဲ့အထိတော့၊ ကျွန်တော် မကူညီနိုင်ပါဘူး။

အာရုံမမှားအောင်လောက်၊ ကျွန်တော် ကူညီနိုင်မယ် ထင်ပါတယ်။ ကျွန်တော့်ကို၊ ကူညီခွင့်ပြုပါ"

"ရပါတယ်၊ သားရယ်" . . . , ဟု၊ မိခင်ဖြစ်သူ ပြော၏။

ဖခင်က . . . "ကျေးဇူးပါပဲ" . . . ဟု၊ ပြောသည်။

❒❒❒



[၄]

"ညီမ,လေးနာမည် ဘယ်သူလဲ အန်တီ"

"ချယ်ရီဦး"

အသက်ရှူနှုန်း မြန်ဆန်နေသည်။ မျက်ဖြူလန်နေသည်။ ကျွန်တော် ဘာလုပ်ရမှန်း ချက်ချင်း မသိသေး။

ပိန်လှီနေသော၊ လက်ဖျံလေးကို၊ ကျွန်တော် ကိုင်လိုက်သည်။ စိတ်မှ၊ ဘုရားကို အာရုံပြု၍၊ ရှိခိုးပူဇော်၏။ ပြီးနောက် . . . ,

"ဤ . . . ချယ်ရီဦး . . . ဟု၊ ခေါ်တွင်သူ၊ မိန်းကလေး၏ ကိုယ်စောင့်နတ်များနှင့်၊ ဤလူနာဆောင်အတွင်းရှိ မြင်အပ်, မမြင်



www.burmeseclassic.com

www.burmeseclassic.com



အပ်၊ ဝေနေယျသတ္တဝါများအားလုံးသို့ . . . , သံသရာ အစ,မှ ယခု တိုင်၊ ကျွန်ုပ်ပြုခဲ့သော၊ ဒါန, သီလ, ဘာဝနာ ကုသိုလ်များကို အမျှ ဝေပါသည်၊ အားလုံးကြားကြားသမျှ . . . အမျှ, အမျှ, အမျှ။

ကျွန်ုပ်ပြောဆိုသမျှသော၊ စကားများကို၊ ချယ်ရီဦးမှလည်း ကြားနိုင်, သိနိုင်, လက်ခံနိုင်ပါစေ . . . သတည်း'' . . . ဟု၊ စိတ်မှ အာရုံစူးစိုက်စွာ ရွတ်ဆိုလိုက်ပါသည်။

ပြီးမှ . . .

လူနာ၏ နားအနီးသို့၊ ကျွန်တော် တိုးကပ်လျက် . . .

''ညီမ,လေး၊ ချယ်ရီဦး။ အစ်ကို့အသံကို၊ သေသေချာချာ၊ နားထောင်ပါ။

ညီမလေးရဲ့၊ အသက်ရှူနှုန်းက၊ အရမ်းမြန်နေပါတယ်။ အဲဒီ့ မြန်နေတဲ့ အသက်ရှူနှုန်းကို၊ နှေးသွားအောင်၊ ပုံမှန်ဖြစ်သွားအောင်၊ လုပ်ဖို့ မကြိုးပမ်းပါနဲ့။

မြန်တာကို မြန်တဲ့အတိုင်း။ သိအောင်လုပ်ပါ။ ရှူတိုင်း, ရှူတိုင်း . . . သိအောင်, သိအောင်၊ အာရုံစူးစိုက်ပြီး၊ ကြည့်ပါ။

ငါ . . . မောနေတယ်၊ ငါ . . . အသက်ရှူမြန်နေတယ် . . . လို့၊ မတွေးပါနဲ့။

ရှူနေ, ထုတ်နေတဲ့၊ လေကိုသာ၊ အဆက်မပြတ် သိအောင်၊ ကြိုးစားပါ။

အခု . . . ပြောနေတဲ့၊ အစ်ကိုကြီးက, ဘယ်သူလဲ . . . လို့၊ မတွေးနဲ့။ ဒီ . . . စကားသံက၊ နိုင်းတာလေးပဲ၊ ညီမ,လေး၊ လုပ်နိုင်အောင် ကြိုးပမ်းပါ''

ကျွန်တော့်စကားသံ အရပ်တွင်၊ မျက်ဖြူဆိုက်နေသူ၏ မျက်တောင်ကလေး၊ လှုပ်လာ၏။ မျက်ဆံနက်ကလေးကို၊ တစ်ချက် တစ်ချက်၊ တွေ့လိုက်ရသည်။

''ရှူနေတဲ့ လေကို၊ အသိက အဆက်မပြတ်၊ သိနိုင်ရင်၊ အဲဒီ့ လေရဲ့၊ အစ, အလယ်, အဆုံးကို၊ မြင်တတ်လာမယ် ညီမ,လေး။

အဲဒီလို၊ မြင်တတ်ပြီ၊ မြင်နိုင်ပြီဆိုရင်၊ ညီမ,လေး ချယ်ရီဦး၊ တာဝန်ကျေပါပြီ။







www.burmeseclassic.com

www.burmeseclassic.com



သတိသိပ်ကောင်းသွားပါပြီ၊ ဉာဏ်လည်း သိပ်ကောင်းသွားပါပြီ။ ကြိုးစားကြည့်ပါ . . . ညီမ လေး''

လက်ဖျံလေးကို ဖွဖွဆုပ်ကိုင်ကာ၊ ကျွန်တော် တတွတ်တွတ် ပြောခဲ့၏။

မျက်ဖြူစိုက်ခြင်း မရှိတော့။ မျက်နက်ဝန်းလေးကို မြင်ရ သည်။ မျက်လုံးကို အလုံးစုံ မဖွင့်သေး။ မှေးနေသေး၏။ နာရီဝက် ခန့်အကြာတွင်၊ အသက်ရှူနှုန်း ပုံမှန်ဖြစ်သည်။ လွန်စွာ အံ့သြနေ ကြ၏။

ကျွန်တော်က,တော့၊ မအံ့သြ။ ဝမ်းသာစိတ်တော့ ဖြစ်သည်။ ဒါ . . . လူနာရဲ့ ကံပဲလေ၊ ဒါ . . . လူနာရဲ့ သတိတရားပဲလေ။ ကျွန်တော်က သတိပေးသူမျှသာ။

❑





''ညီမ,လေး၊ အသက်ရှူနှုန်း ပုံမှန်ဖြစ်သွား ပြီ။

ငါ . . . သက်သာသွားပြီ . . . လို့ မတွေးပါ နဲ့ ညီမလေး။

ပုံမှန်ဖြစ်နေတဲ့၊ ဝင်လေ, ထွက်လေကို သူ . . . ဝင်နေ, ထွက်နေတဲ့အတိုင်း၊ ဆက်ပြီး သိနေပါ ညီမ,လေး။

ဟုတ်ပြီ။ ညီမ,လေး ချယ်ရီဦး၊ သိပ်တော် တယ်။ သိပ်ပြီး . . . ဉာဏ်ကောင်းတယ်။

ဉာဏ်ကောင်းရင်၊ ကံကောင်းပါတယ် ညီမ, လေး''

နှုတ်ခမ်းဖျားလေးပေါ်သို့၊ ကျွန်တော် ရေ . . . တစ်စက်, [illegible]စက် တင်ပေးလိုက်သည်။ ပြီးနောက် . . . ကော်ဖီဇွန်းဖြင့်၊ တစ် [illegible]၊ နှစ်ဇွန်း, သုံးဇွန်း။

ထိုညက . . . ချယ်ရီဦး၊ မသေပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

[၉]

"မင်း . . . ဘာသွားလုပ်နေတာလဲ" . . . ဟု၊ မိုးဟိန်း မေ
၏။ "မင်းတို့ ဆေးကုပေးထားတဲ့လူနာကို၊ ငါ . . . စိတ်ကုပေး
တာ" . . . ဟု၊ ပြောပြီး၊ ချယ်ရီဦးအကြောင်း၊ ကျွန်တော်၊ ပြန်ပြေ
ပြဖြစ်သည်။

❐





နောက်တစ်နေ့မနက်တွင်၊ မိုးဟိန်းထံသို့ ကျွန်တော် သွား
ခြင်းမဟုတ်ဘဲ၊ ချယ်ရီဦးထံသို့ ကျွန်တော် သွားခြင်းဖြစ်၏။

ချယ်ရီဦးသည်၊ ခုတင်ပေါ်တွင်၊ ကျောမှီလေးဖြင့်၊ ထိုင်ကာ၊
ပေါင်မုန့်နှင့် နွားနို့ သောက်နေ၏။

"သမီး။ ဒါ . . . ညက, သမီးအစ်ကိုလေ"

မိခင်က, မိတ်ဆက်ပေးသည်။ ချယ်ရီဦးက၊ ကျွန်တော့်ကို၊
မျက်လုံးဝိုင်းဝိုင်းလေးဖြင့် မော့ကြည့်သည်။

"ထိုင်"

ကြည့်ရင်း, ပြောရင်းမှ၊ ထိုင်ခုံ ယူပေးဖို့ သူ ဟန်ပြင်၏။

"ရတယ် ညီမလေး၊ ငြိမ်ငြိမ်နေ"

"စားလို့ကောင်းလား" . . . ဟု၊ ကျွန်တော် မေးသည်။ သူ
. . . ခေါင်းညိတ်၏။

"အစားများများ စားနော်။ ဒါမှ၊ အားရှိမှာ"

"ဟုတ်ကဲ့"

"အစ်ကို့ကို သိလား"

"သိတယ်။ မေမေ . . . ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး၊ ကျွန်တော့်မျက်နှာအနီးသို့ လက်ဝါးဖြန့်၏။

"စာအုပ် လက်ဆောင်ပေး"

"ညနေမှ လာပေးမယ်" … ဟု၊ ကျွန်တော် ပြောလိုက်သည်။ ချယ်ရီဦး၏၊ အခြေအနေကို၊ ကြည့်မြင်ကာ၊ သူ့မိခင်၊ ကြည့်နူးနေလေ၏။ ကျွန်တော်လည်း၊ ကြည်နူးမိပါသည်။

"ညက၊ သေပြီထင်တာ။ အသံတစ်သံ၊ ကြား

ရတယ်။ အမှောင်ထဲမှာ။

တစ်ခါမှ မကြားဖူးတဲ့ အသံ။ အသံက …

နိုင်းတဲ့အတိုင်း၊ လိုက်လုပ်ကြည့်တယ်။ ပြီးတော့ …

ဘယ်သူ့အသံလဲ၊ သိချင်စိတ် ဖြစ်လာ …

ပြီး၊ ငါ … သေရင်၊ ဒါ … ဘယ်သူ့အသံမှန်း

သိရတော့မှာ၊ မဟုတ်ဘူး … လို့ တွေးပြီး၊ အား

မွေးလိုက်တာ"

"ကောင်းတာပေါ့ ညီမ,လေးရဲ့"

ကျောဘက်မရှိ,တရှိနေရာတွင်မှာပါ၊ ပိုက်တစ်ပိုက်သွယ်ထားသည်ကို၊ ကျွန်တော်၊ မမြင်ချင်ယောင် ပြုလျက်၊ နေရ၏။ ညက နှာခေါင်းတွင် တပ်ထားသော၊ ပိုက်, မရှိတော့။





❐

အခန်းပြင်ပ,သို့ရောက်သောအခါ၊ ချယ်ရီဦး၏မိခင်က,

"သူ့အစ်မ,နဲ့ တွေ့လိုက်ရပြီလေ။ သားကို၊

သိပ်ကျေးဇူးတင်တာပဲ။ ညက, ဆုံးမယ် … လို့

အားလုံးက, ထင်ကြတာ။ သား … လုပ်ပေးလို့"

"မဟုတ်ဘူး အန်တီ။ ညီမ,လေးရဲ့ ကံပါ။

ကျွန်တော့်အရည်အချင်း မဟုတ်ပါဘူး။ သူကိုယ်က၊

သတိကောင်းတာပါ"

ချယ်ရီဦး၏အစ်မ နွယ်နီနှင့် မိခင်ဖြစ်သူက မိတ်ဆက်ပေးသည်။ "ကျေးဇူးပဲ … ဆရာ" … ဟု၊ နွယ်နီ ပြော၏။ "ရပါတယ်" … ဟု၊ ကျွန်တော် ပြောသည်။

ပြီးနောက် ကျွန်တော် လက်လှမ်းမိသမျှ စိတ် … အား၊



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေကို၊ ချယ်ရီဦး၏မိခင်နှင့် အစ်မဖြစ်သူ နွယ်နီတို့ကို၊ မှာကြား ပြောပြဖြစ်လေသည်။

"ညနေကျရင်၊ စာအုပ်လာပေးမယ်နော်။ နေကောင်းအောင်နေနော်။ ဟိုတွေး၊ ဒီတွေး မတွေး ရဘူးနော်"

ချယ်ရီဦးကို မှာကြားပြီး၊ ကျွန်တော် အိမ်ပြန်ခဲ့လေ၏။

❑ ❑ ❑



## [၆]

တစ်နေ့က, ကျွန်တော် ပေးထားခဲ့သော၊ ဝတ္ထုစာအုပ် တစ်အုပ်ကို၊ ချယ်ရီဦး ဖတ်နေသည်။

"အိပ်ပျော်အောင် အိပ်လေ ညီမ,လေး။ စာအုပ်ကို၊ နေကောင်းတော့မှ ဖတ်"

သူ ... "ဟုတ်ကဲ့" သည်။ ပြီးနောက် "အော်တိုရေးပေး" ... ဟု၊ ပြော၏။ သူ ... ပေးသော ဗလာစာအုပ်ထဲတွင်၊ ကျွန်တော် စာကြောင်း တစ်ကြောင်း ရေးပေးပြီး၊ လက်မှတ်ရေးထိုး ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုင်းကို အကောင်းဆုံး

အသုံးချပါ။

လေးစားခင်မင်လျက်

မောင်လှမျိုး(ချင်းချောင်းခြံ)

[ခေတ္တ-လှူ့ပြည်]

"အစ်ကို"

"ပြော ... ညီမ,လေး"

"ဘာအဓိပ္ပာယ်လဲ ... ဒါ"

"သေသေချာချာ၊ ပြန်ဖတ်ကြည့်ဦးလေ"

"ဖတ်တယ်။ နားမလည်ဘူး"

ကျွန်တော်က ...,

"လူတိုင်း လူတိုင်း၊ တစ်ယောက်ကို တစ်နေ့တာ၊ နှစ်ဆယ့်လေးနာရီ ပိုင်ဆိုင်တယ်။

ဆိုက်ကားသမားပဲဖြစ်ဖြစ်၊ ပါမောက္ခကြီးပဲဖြစ်ဖြစ်။ ကျွန်းမာရေးကောင်းတဲ့သူပဲဖြစ်ဖြစ်၊ ကျွန်းမာရေး မကောင်းတဲ့သူပဲဖြစ်ဖြစ်။ တစ်ယောက်ကို၊ အချိန် နှစ်ဆယ့်လေးနာရီ ပိုင်ဆိုင်တယ်။ အဲဒါကို၊ လက်ခံရဲ့လား"





"ဟုတ်"

"အဲဒီ ပိုင်ဆိုင်တယ်ဆိုတဲ့၊ နှစ်ဆယ့်လေးနာရီမှာ ... ဘယ်သူပဲဖြစ်ဖြစ်၊ ကောင်းတဲ့စိတ်နဲ့ ကောင်းတာကို လုပ်နေလား။

မကောင်းတဲ့စိတ်နဲ့၊ မကောင်းတာကို၊ လုပ်နေမလား။

ကိုယ့်ဘာသာ ဆုံးဖြတ်ကြရတာ"

"ကောင်းတာပဲ လုပ်ချင်တာပေါ့" ... ဟု၊ ချယ်ရီဦး ပြောသေး။

"ဒါပေါ့။ အစ်ကိုက၊ ဆိုက်ကားသမားဆိုရင်၊ မသောက်မစားဘဲ၊ ခရီးသည်တွေကို၊ ကူညီတယ် ....လို့၊ နှလုံးသွင်းပြီး၊ သင့်တင့်တဲ့ ဆိုက်ကားခ,နဲ့၊ ဆိုက်ကားနင်းတဲ့အလုပ်ကို သေသေချာချာ လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။

အစ်ကိုက, မကျန်းမာတဲ့သူဆိုရင်၊ ငါးပါးသီလ,ကို၊ လုံခြုံအောင်ထိန်းပြီး၊ မောပန်းနေရင်တောင်၊ ငါ ... မောပန်းတာ မဟုတ်ဘူး။

ရုပ်ခန္ဓာက, ဖောက်ပြန်တာပဲ ... လို့ နှလုံးသွင်းမယ်။ မောလိုက်တာ ... ကွာလို့ နှလုံးသွင်းမိရင်၊ ဒေါသ။ မမောချင်ဘူး ... လို့ တွေးမိရင်၊ လောဘ။ လုပ်ကြပါဦး, ကယ်ကြပါဦး ... လို့ ဝရုန်းသုန်းကား။ အော်ဟစ်မိရင်၊ မောဟ ... လို့ နှလုံးသွင်းပြီး။

ဝေဒနာကို ... အစ, အလယ်, အဆုံး။ မတုန်လှုပ်ဘဲ၊ သတိနဲ့ ကြည့်နေမှာပဲ"

"ညီမ,လေး အမောဖောက်ရင်လည်း၊ အဲဒီလို သတိနဲ့ ကြည့်နေရမှာလား"

"အင်းပေါ့။ သတိမလွတ်ရင်း လောဘ, ဒေါသ, မောဟ ငြိမ်းတယ်။





ဘယ်တော့ဖြစ်ဖြစ်၊ အဲဒီ မီးသုံးမီး ငြိမ်းနေရင်၊ အရာရာ ငြိမ်းတော့တာပါပဲ"

"နှစ်ဆယ့်လေးနာရီစလုံး ငြိမ်းအောင် လုပ်နေရမှာလား"

"ဟုတ်တယ် ... ညီမ,လေး။ သတိနည်းတဲ့သူက၊ မငြိမ်းဘူး။ သတိကြီးတဲ့လူ၊ ဉာဏ်ကြီးတဲ့သူက ... အချိန်တိုင်း ငြိမ်းတယ်။

အချိန်တိုင်းကို၊ အကောင်းဆုံး။ အသုံးချပါ ... ဆိုတာ၊ အဲဒါကိုပြောတာ"

"သြော်"

ချယ်ရီဦးက, စာကြောင်းလေးကို၊ ထပ်မံဖတ်ပြီး ...

"ခေတ္တလူ့ပြည် ... ဆိုတာ ဘာအဓိပ္ပာယ်နဲ့ ရေးတာလဲ"

"ပါမောက္ခကြီးပဲဖြစ်ဖြစ်၊ ရဟန်းတော်ကြီးပဲဖြစ်ဖြစ်၊ ဘုရင်ကြီးပဲဖြစ်ဖြစ်၊ ပဲပြုတ်သည်ပဲဖြစ်ဖြစ်။ ရုပ်ရှင်မင်းသားပဲဖြစ်ဖြစ်၊ စာရေးဆရာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ လူဆိုးပဲ ဖြစ်ဖြစ်၊ လူကောင်းပဲ ဖြစ်ဖြစ်။

လူ့လောက,ကို၊ ခဏရောက်လာကြတာပါ

ကွာ . . . လို့ ကိုယ့်ကိုယ်ကိုယ် သတိပေးတဲ့အနေနဲ့

ခေတ္တလူ့ပြည် . . . လို့ ရေးတာ''

''ခေတ္တလူ့ပြည် . . . ဆိုတော့၊ အမြဲတမ်း

ဘယ်မှာ နေသင့်တာလဲ''

ချယ်ရီဦးက, ပြုံးလျက် မေးသည်။ ကျွန်တော်က . . .,

''စိတ်ထားယုတ်ရင်တော့၊ အပါယ်ငရဲမှာ၊

အမြဲနေရမှာပေါ့။ စိတ်ထားလည်း ကောင်းမယ်၊

ဉာဏ်လည်း ကောင်းမယ် . . . ဆိုရင်တော့၊ အို လိုက်၊

နာလိုက်, သေလိုက်ဆိုတဲ့ နေရာ, ဒေသ, ဌာန

အဝန်းအဝိုင်းတွေကနေ၊ လွတ်ကင်းတဲ့ သဘောကို

ဉာဏ်အားဖြင့်၊ ကိန်းဝပ်နိုင်မှာပေါ့''

''နိဗ္ဗာန်ကို၊ ဆိုလိုတာလား''

''ဟား . . . ညီမ,လေး သိပ်တော်တာပဲ''

''မတော်ပါဘူး။ ကြားဖူးတာကို၊ မေးတာပါ''





ပြောပြီး . . . ချယ်ရီဦး သက်ပြင်းချ၏။ ပြီးမှ . . .,

''ညီမ,လေး။ ရောဂါသည်ဖြစ်နေရတာ၊ တစ်

ချိန်က, သီလ, မစင်ကြယ်ခဲ့လို့ပေါ့နော်''

ကျွန်တော် ခေါင်းမညိတ်ရက်။ ထို့ကြောင့် . . .,

''ဘယ်တုန်းက၊ ဘယ်လို မှားခဲ့ မှားခဲ့၊

လက်ရှိ အချိန်ကာလ,မှာ၊ စင်ကြယ်ရင်, အလဟဿ

မဖြစ်ပါဘူး ညီမ,လေးရဲ့''

''ဒါဆို ညီမ,လေး၊ အခု . . . ဘယ်လို နေရ

မလဲဟင်''

''ရုပ်က . . . ဖောက်ပြန်လို့၊ ဖြစ်လာတဲ့

အဖြစ်အပျက်ကို၊ ငါ . . . ခံစားရတယ် . . . လို့၊

မတွေးဘဲနေပေါ့။

နေတတ်ပါ့မလား''

သူ ခေါင်းညိတ်၏။

''ဒါဆို၊ အစ်ကို့ ဝတ္ထုစာအုပ်ကိုလည်း၊ ဖတ်

မနေနဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



တခြား . . .

ဘာအကြောင်းမှလည်း၊ တွေးမနေနဲ့တော့။

ညီမ,လေး ပိုင်ဆိုင်တဲ့၊ အချိန်တိုင်းကို၊

အကောင်းဆုံး အသုံးချနေပေါ့။

နော် . ညီမလေး ''

သူ . . . ခေါင်းညိတ်၏။

''ညီမလေးရဲ့ ကာယကံ, ဝစီကံ, မနောကံ . . . တွေကသာ၊ ညီမ,လေးရဲ့၊ လက်ရှိကာလ, အနာဂတ်ကာလ,ကို၊ ဖန်တီးတာ။

ဥပမာ . . . , ကိုယ်မနှစ်သက်တဲ့ လူတစ်ယောက်အကြောင်းကို၊ ပြောဆို ဝေဖန်နေမယ်ဆိုပါတော့။ မနောကံ အားဖြင့်ရော၊ ဝစီကံအားဖြင့်ရော။

နှလုံးသွေးမှာ ဒေါသ, အဟုန်ကိန်းနေပြီလေ။ ဒေါသ အဟုန်က၊ အကြောင်းပြု အကျိုးပေးပြီဆိုရင်၊ ပူလောင်တဲ့ အခြေအနေတစ်ခုကို၊ အဲဒီ ကံပိုင်ရှင်, ရင်ဆိုင်ရတော့တာပဲ။





ခတ်၊ ဒေါသ . . . အဟုန်များရင်၊ အပူခတ်၊ မောဟ . . . အဟုန်များရင်၊ ကြီးနိုင်ငယ်ညှဉ်းခတ်တွေကို တိုးပွားစေတာမို့လို့။

အဲဒီ . . . အခြေအနေမျိုးတွေကို၊ လက်ရှိဘဝမှာ၊ ရင်ဆိုင်ရတဲ့အပြင်၊ အနာဂတ်မှာလည်း ပြင်းပြင်းထန်ထန် ကြုံတွေ့ရဦးမှာပဲ''

''ဒါဆို . . . တစ်ချက်ကလေးမှ၊ မှားလို့ မရဘူးပေါ့''

''ဟုတ်တယ် ညီမ,လေး။ လူ့အဝန်းအဝိုင်းမှာတော့ . . .

သတိလက်လွတ် များများမှားရင်၊ အန္တရာယ်ပုထုဇဉ်။ နည်းနည်းမှားလိုက်၊ သတိနဲ့ ဆင်ခြင်လိုက်ဆိုရင်၊ ကလျာဏပုထုဇဉ်ပေါ့။ လုံးဝ မမှားတော့ဘူးဆိုရင်တော့ အရိယာ . . . သူတော်ကောင်းပေါ့''

''သူတော်ကောင်းဖြစ်ချင်တယ်'' . . . ဟု၊ ချယ်ရီဦး ပြော



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ရင် ဖြ
ရမှာပေါ့ ညီမ,လေးရယ်"

"ကျေးဇူး အရမ်းတင်ပါတယ် အစ်ကိုရယ်"

မျက်ဝန်းတွင် မျက်ရည်အနည်းငယ် ဝေ့သွားသည်ကို မြ
ရ၏။

"ကဲ ... ညီမ,လေး၊ နားတော့။ သတိန
နေ၊ သတိနဲ့ နားနော် ... ညီမ,လေး"

သူ ခေါင်းညိတ်သည်။

သူ့ရင်ဘတ်လေး နိမ့်ချည် မြင့်ချည် ဖြစ်နေ၏။ ကျွန်တေ
မသိချင်ယောင် ပြုရသည်။

❑ ❑ ❑



(၇)

မိုးဟင်းနှင့် ထမင်းအတူစားဖို့ပြောပြီး လူနာဆောင်ဘက်
သို့ ထွက်ခဲ့သည်။ လူနာမှတ်တမ်းပြုရာ နေရာတွင် ချယ်ရီဦး၏
ခင်ကို တွေ့၏။

"အန်တီ"

ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ချယ်ရီဦး၏မိခင် ... ပြုံး
ပြ၏။ ခြောက်ကပ်သော အပြုံး။

ချယ်ရီဦးရှိရာသို့ ကျွန်တော် လှမ်းအကြည့်တွင် ...,

"ညက, ဆုံးသွားတယ် သား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက မင်းကို ကျေးဇူးတင်သွားတယ် . . . သား"

"ကျွန်တော့်ကို ကျေးဇူးတင်တယ် . . . ဟုတ်လား"

"အစ်ကိုက, သူ့ကို . . . နေနည်း, သေနည်း . . . သင်ပေးသွားတယ် . . . တဲ့။ အရမ်းကျေးဇူးတင်ဖို့ကောင်းတယ် . . . တဲ့၊ ညဦးပိုင်းတုန်းက, သမီး ပြောပြတယ်။

ည, ဆယ့်နှစ်နာရီကျော်လောက်က, ဆုံးသွားတာ"

"ကျွန်တော် ဆုံးမယ် မထင်သေးဘူး"

"ကံပေါ့ကွယ်။ သားကို အန်တီတို့ တစ်သားစုလုံး၊ ကျေးဇူးတင်တယ်နော် သား"

"ရပါတယ်" . . . ဟုသာ၊ ကျွန်တော် ပြောဖြစ်သည်။

"သမီးက, အမောဖောက်တဲ့ကြားက, လည်း အုပ်ချီသွားနိုင်တယ်။ အဲ့ဒါ သားရဲ့ကျေးဇူးပေါ့"





"ကျွန်တော် စိတ်မကောင်းပါဘူး အန်တီ။ အသက်ကို၊ ကယ်နိုင်လောက်တဲ့အထိ၊ ကျွန်တော် မကူညီနိုင်ခဲ့ဘူး"

"အာရုံကို၊ မမှားအောင် ကူညီတာ . . . အသက်ကယ်တာထက် ပိုကောင်းပါတယ်ကွယ်"

ချယ်ရီဦး၏မိခင်၊ မျက်ရည်ဝဲ့ကာ ပြော၏။ အိမ်လိပ်စာ ကတ်ပြားလေးတစ်ခု ပေးသည်။

"ရှာပနကို၊ မလာဖြစ်ခဲ့ရင်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်တီ။

ကျွန်တော် ညီမ,လေးအတွက် တခြားနည်းနဲ့၊ ကုသိုလ်ပြုပေးချင်လို့ပါ"

"အန်တီ နားလည်ပါတယ် သားရယ်"

ဆေးရုံနံရံရှိ၊ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်မိသည်။

၂၀၀၈ ဖေဖော်ဝါရီ ၁၃။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

[၆]

ချယ်ရီ ဆုံးပါးပြီး၊ တစ်နှစ်တိတိကြာမှ၊ ချယ်ရီဦးကို၊ ကျွန်တော် အိပ်မက် မြင်မက်ခြင်းဖြစ်၏။

ကံအကြောင်းတစ်ခုခုကြောင့်၊ အာရုံမှာ လာရောက်စွဲထင်ကာ၊ မြင်မက်သော အိပ်မက် . . . ဟုလည်းကောင်း၊ အခြားသော ကျွန်တော် ဉာဏ်မမီလောက်သည့် အကြောင်းတစ်ခုခုကြောင့် မြင်မက်လေသော အိပ်မက် . . . ဟုလည်းကောင်း၊ ကျွန်တော် ဒွိဟ ဖြေဆွေးဖြစ်ပါသည်။

❑





ဉာဏ်မမီသော်ငြား၊ မိရိုးဖလာ, ကြားဖူးနားဝ, ဗဟုသုတ
ဖြင့် ကျွန်တော် ဘုရားစေတီများသို့ သွားရောက်ခဲ့သည်။

ချယ်ရီဦးသို့ ရည်စူးကာ ဘုရားဆင်းတုတော်များ, ဘုရား
စေတီများတွင်၊ ရွှေသက်နှ်း ကပ်ဖြစ်ပါသည်။ အခြားသော ဘုရား
ဝေယျာဝစ္စများအတွက်၊ အလှူငွေအနည်းငယ်လည်း လှူဒါန်းဖြစ်ခဲ့

သံဃာတော် အရှင်သူမြတ်တစ်ပါးထံတွင်လည်း၊ ချယ်ရီဦး
အမည်နာမ,ဖြင့်၊ သင်္ကန်းကပ်လှူဖြစ်ပါသည်။

သံသရာအစမှ . . . ယခုတိုင်၊ ကျွန်တော် ပြုလုပ်ခဲ့သည့်၊
ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်များကို၊ သံသရာ
အဆက်ဆက် တော်စပ်ပတ်သက်ခဲ့ဖူးသော၊ မိဘ, ဆရာသမား,
ကျေးဇူးရှင်များနှင့်တကွ၊ ယခုဘဝ တော်စပ်ပတ်သက်လျက်ရှိသော
မိဘ, ဆရာ သမားများ, ကျေးဇူးရှင်များ . . . အပြင်၊ အခြားသော
သတ္တဝါအပေါင်းနှင့်အတူ၊ လွန်ခဲ့သော တစ်နှစ်ခန့်က,
ကွယ်လွန်သွားရှာသော ချယ်ရီဦးအားလည်း . . . ရည်စူး၍၊ အမျှဝေ



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ရှင်းဝရှာင်းဖြ)

ဖြစ်ခဲ့ပါသည်။

ညီမလေး ချယ်ရီဦးနှင့်တကွ၊ သုံးဆယ့်တစ်ဘုံသားမျာ

အားလုံး သံသရာခရီး (အမြန်) ငြိမ်းချမ်းပြီးဆုံးပါစေသတည်း။ ။

|အခြားတစလောင်ရှင်နှင့်တွဲဖက်ထုတ်ဝေပြီ

2009- Nov 10

12:00 (p.m)



# အားနွဲ့သူများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

[၁]

စကားပြော မဆင်ခြင်တတ်သောကြောင့်၊ ကျွန်တော့်ကို လူမုန်းများပါသည်။ ကျွန်တော်က,လည်း၊ ရိုးရိုးသာမန်လူတွေ မုန်းမှာကို၊ မကြောက်တတ်ပါ။ (သူတော်ကောင်းတွေ ... ကဲ့ရဲ့မှာကိုသာ၊ လွန်စွာ ကြောက်တတ်သူဖြစ်ပြီး၊ နတ်ကောင်းနတ်မြတ်တွေ ... မုန်းတီး, ကဲ့ရဲ့မှာကိုသာ၊ ကြောက်ရွံ့တတ်သူ ဖြစ်ပါသည်)။

ရာထူး ဘယ်လောက်ကြီးကြီး၊ ရုပ်ကွက်မျက်နှာဖုံးမက,လို့ ကမ္ဘာ့မျက်နှာဖုံးပဲဖြစ်ဖြစ်၊ (သူတော်ကောင်းတရား၊ မပွားများဘဲ) သူတစ်ပါးကို၊ အားအားယားယား ဝေဖန်ကဲ့ရဲ့နေတတ်ကြသည့်၊ ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူ မည်သူပင်ဖြစ်စေ၊ မည်သို့ပင်, ကဲ့ရဲ့ ကဲ့ရဲ့ . . .၊ ဘယ်လောက်ပဲ . . . မုန်းမုန်း။ ကျွန်တော် (လုံး . . . ဝ)၊ ဂရုမစိုက်ပါ။ သူတို့တွေ . . . ချီးမွမ်းဖို့လောက်တော့၊ ကျွန်တော် စိတ်မဝင်စားပါ။

သူတော်ကောင်း . . . နတ်ကောင်းမ, ဟူသည့် ဆိုးရိုးစကားလေးကို၊ ကြားနာဖူးထားသဖြင့်၊ သူတော်ကောင်းနှင့် နတ်ကောင်းနတ်မြတ်တွေ . . . ကဲ့ရဲ့ မုန်းတီးမှာကိုသာ၊ ကျွန်တော် အင်မတန်ကြောက်ပါသည်။ (မှတ်ချက်။ ။ သူတော်ကောင်းဖြစ်ဖို့ ရာထူးကြီးရန်မလိုပါ။ နတ်ကောင်း နတ်မြတ် ချစ်,ခင်ဖို့အတွက်လည်း၊ ဘာ . . . ပစ္စည်းနဲ့မှ တင်မြှောက်ရန်မလိုပါ)။ [ဒါ . . . ပဟုသုတ၊ မှတ်ပါ]။

အလုပ်မရှိ, အကိုင်မရှိ။ ကိုယ့်အလုပ် . . . ကိုယ်၊ အာရုံမထားတတ်ကြသူတို့၏ အကဲ့အရဲ့နှင့် အခြားသော နတ်, အစုတ်အပြတ်တို့၏ အငြိုးအငြင်ဟူသမျှကို၊ ကျွန်တော် . . .၊ ဘယ်တော့မှ . . . ဂရုမစိုက်ပါ။ မထိတ်လန့်တတ်ပါ။ ထို့ကြောင့် . . . ထိုအဆင့်လောက်ရှိသော . . . မည်သူ့ကိုမဆို (လူလူ . . . နတ်နတ်)၊ ကျွန်တော် ချီးသာစကား ပြောကြားဖို့ အစီအစဉ်မရှိပါ။

စကားဆင်ခြင်သင့်သည်၊ လူသူတော်ကောင်း, နတ်သူတော်





ကောင်းတို့၏ ရှေ့မှောက်တွင်၊ မဆိုထားဘိ၊ ရည်ရွယ်ဖြစ်သည့် ကာလ, များ၌ပင်၊ ကျွန်တော် . . . စကားတွင်မကာ၊ စိတ်မနှောက်ပိုပါ၊ ဆင်ခြင်နေဖို့ ဘယ်တုန်းကမျှ ဝန်မလေးတတ်ခဲ့ပါ။

ကျွန်တော် . . . စကားရိုင်းရိုင်းဖြင့်၊ တုံ့ပြန်ပြီဆိုလျှင်တော့ . . . ထို . . . လူ, ထို . . . နတ်သည်၊ သူတော်ကောင်း မဟုတ်သော၊ အနုတ်စုတ် ဂုတ်စုတ်ဖြစ်သော၊ လေးစားဖို့ မလိုသော သူသာ ဖြစ်ပါကြောင်း . . . ။

❐

"မင်းက . . . ကျိုကျိုတက် မချမ်းသာဘူးဆိုတော့။ ငါ့ သမီးလေး။ ဆင်းဆင်းရဲရဲ နေရမှာ . . . မလိုလား . . . လို့။ မင်းနဲ့ . . . ငါ့သမီးကို၊ သဘောမတူတာ"

ကျွန်တော်နှင့် သဘောမတူနိုင်ရှာသော၊ ချစ်သူ၏မိခင်နှင့်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ... စကားပြောနေခြင်းဖြစ်သည်။ အမှန်က,တော့ ... စကားပြောနေခြင်း၊ မဟုတ်ပါ။ "ဘာကြောင့်၊ ကျွန်တော်နဲ့ အန်တီ့ သမီးကို၊ သဘောမတူတာလဲ" ... ဆိုတာ၊ တိုက်ရိုက် မေးမြန်းနေခြင်း၊ ဖြစ်ပါသည်။

"နင်က ... အလောင်းအစား၊ အသောက်အစား၊ ပွေပွေ ရှုပ်ရှုပ် ... မို့ ငါ ... သမီးနဲ့ သဘောမတူတာပေါ့" ... လို့များ၊ ပြောဆိုမည် ... ဆိုလျှင်၊ ကျွန်တော်က ..., မည်သည့်အလောင်း အစား, အသောက်အစား, အပျော်အပါးမှ၊ စိတ်မဝင်စားပါကြောင်း နှင့်၊ သူ့ သမီးကို၊ မည်၍မည်မျှ၊ စုံမက်နှစ်သက်ပါကြောင်းကို၊ ရိုသေစွာ တင်ပြပြောကြားဖို့၊ ကျွန်တော် ဝန်မလေးလှပါ။

သို့သော် ...။ ဒါပေမဲ့ ...,

"ကျွန်တော်နဲ့ ယူရင် ...၊ အန်တီ့သမီး ဆင်းရဲမှာ စိုးရိမ်တယ်ပေါ့။ ဟုတ်လား"

"ဟုတ်တယ်"

"အန်တီ့သမီးမှာ ... ခြေတွေ, လက်တွေ၊ မပါဘူးလား"





"မင်း ...၊ ဘာ စကားပြောတာလဲ"

"ဗမာစကား ရိုးရိုးလေး ပြောတာလေ။ ကျွန်တော်က, ညံ့ဖျင်းလို့၊ ဆင်းရဲ မွဲတေ,ခဲ့မယ်ဆို ရင်တောင်၊ အန်တီ့သမီးမှာ ... ခြေတွေ, လက်တွေ၊ ပြည့်စုံရင် ...

သူ့,ဘာသာ မဆင်းရဲ, မမွဲတေအောင်၊ ရုန်း ကန်ရှာဖွေတတ်ဖို့၊ အန်တီ ... သင်ထားပေးဖို့ လို တာပေါ့။

သူ ... ယူမယ့်သူ ဆင်းရဲတာနဲ့ သူပါ, လိုက်ပြီး ဆင်းရဲမယ်ဆိုရင် ...၊ အန်တီ့သမီးက, ကိုယ်ပိုင် အရည်အသွေး၊ မရှိလို့ဘဲ။ ဒါမှ ... မဟုတ်၊ သူတစ်ပါးကို၊ အားကိုးရလောက်အောင် ခြေ, လက်, အင်္ဂါ မစုံလင်လို့ဘဲ ... ဖြစ်မယ်"

အထက်ပါ၊ စကားလုံးများ၏ အရည်အချင်း ကြောင့်၊ ကျွန်တော့်အား၊ ကျွန်တော့်ချစ်သူ၏ မွေး မေမေ (အန်တီ ယောက္ခမလောင်းကြီး)၊ အလွန်



www.burmeseclassic.com

www.burmeseclassic.com



. . . အင်မတန် မုန်းတီးသွားခဲ့ဖူးပါသည်။ (ကျွန်တော် . . . ဝန်ခံထားပြီးသားနော်။ ကျွန်တော် . . . စကားပြော၊ မဆင်ခြင်တတ်ဘူးလေ)။ အဲဒါကြောင့် လူမုန်းများရတာ။

❑ ❑ ❑



## (၂)

"အစ်ကို . . . စဉ်းစားကြည့်။ ချစ်တာက, ချစ်တာပဲ။ သူ့ကြောင့်၊ အသိုင်းအဝိုင်းကြားမှာ . . . ၊ မျက်နှာငယ်ရပေါင်းများပြီ"

ခင်ခင်မင်မင် ရှိသော၊ နုမ,အရွယ် ကောင်မ,လေးတစ်ယောက်က၊ ကျွန်တော့် ရှေ့မှောက်တွင်၊ သူ့ချစ်သူအကြောင်း . . . ၊ ချီးမွမ်းခန်း ဖွင့်နေခြင်း ဖြစ်၏။

"ဘာကြောင့် မျက်နှာငယ်ရတာလဲ။ သူက . . . , ကိုယ်ကျင့်တရား၊ မကောင်းဘူးလား။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မပဟုတ်, နှင့်အပေါ်၊ မကြင်နာဘူးလား။ ဒါမှ ...
မဟုတ်။ နှင့်ကို လက်မထပ်တဲ့ အပျော်တွဲနေတာမျိုး
လား။ အဲဒါမျိုးဆိုရင်၊ ငါ့ကို ... ပြော။ ငါ ...
ကောင့်ကို၊ သွားသတ်မယ်''

''မဟုတ်ပါဘူး ...။ အဲဒါမျိုး၊ အပြစ်မရှိ
ဘူး''

''ဪ ...၊ တော်သေးတာပေါ့။ ဒါ
... ဒီကောင်၊ မျက်နှာငယ်စရာ၊ ဘာချွင်းချက်မျာ
ရှိနေတာလဲ။ မရှိသေ့စကား။ ကိုယ်, လက်အင်္ဂါများ
မစုံလင်လို့လား''

''ဟင့်အင်း။ သူ့, အလုပ်အကိုင်ကို၊ ပြောချ
တာပါ''

''ဪ ...။ သူ့အလုပ်အကိုင်က၊ သမ
အာဇီဝ, မဟုတ်လို့လား။ အလောင်းအစားဒိုင်လား
အရက်ဆိုင် ဖွင့်ထားသလား။ နိုက်ကလပ် ဖွင့်ထား
တာလား။ ကာရာအိုကေ ...နဲ့ လုပ်စားနေတာ





လား''

ကောင်မ,လေး၊ ခေါင်းခါပြီး ...

''ကုမ္ပဏီမှာ၊ ကားမောင်းတာလေ။ ဘယ်မှာ
... တက်လမ်း ရှိမှာလဲ။ မိဘ, ဆွေမျိုးတွေက၊ မေး
တယ်။ ဘာအလုပ်,လုပ်သလဲ ... တဲ့။ ကားမောင်း
တယ် ... လို့ ပြောပြလိုက်ရတိုင်း ကျွန်မ, မျက်နှာ
ငယ်ရတယ်။ ဒါကို ... သူက, မသိဘူး။ လက်ထပ်
ဖို့ပဲ၊ လာ,လာ ပြောနေတယ်''

''ဪ ...။ တော်တော် အလိုက်မသိတာ
ပဲ''

''ဒါနဲ့ ...၊ နင်က ... သူ့ကို၊ ဘာဖြစ်လို့
လက်မထပ်တာလဲ''

''အဲဒါပဲလေ။ ကားမောင်းတဲ့ဝင်ငွေနဲ့, ဘာ
... ဆက်လုပ်လို့ရမှာလဲ။ လိုအပ်ရင် ... ပြည်ပ,
သွား။ အလုပ်,လုပ် ... ဆိုတော့၊ လက်မခံဘူး။
လက်ထပ်ပြီ ဆိုတာနဲ့၊ သားသမီး ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလာမှာပဲ။ ဘယ်မှာလဲ … ကျူရှင်ခ။ ဘယ်မှာလဲ … သားသမီး နောင်ရေး၊ ကျောင်းအကောင်းစားမှာ ထားနိုင်မှာ မဟုတ်ဘူး။ သားသမီး လိုအပ်တာ၊ အချိန်မရွေး ဖြည့်ဆည်းဖို့၊ ဒီ … ကားမောင်းတာနဲ့ ဘယ်လို … လုပ်ရမလဲ"

"နင်က …, နင့် ချစ်သူကို ဘယ်လို အရည်အချင်းမျိုးတွေ ရှိစေချင်တာလဲ"

"ငွေကို အချိန်တိုင်းရှာ။ ကျွန်မ, မိဘ, ငြင်းရခက်လောက်အောင်၊ ထည့်ဝါတဲ့ အလုပ်, ပြောင်းလုပ်။ ဟောဒါ … အိမ်, ဟောဒါ … ကား။ ဟောဒါ … ဝင်ငွေ။ … ဆိုပြီး၊ အားလုံး ငေးကြည့်ရလောက်အောင်၊ ကြိုးစားပစ်လိုက်စေချင်တာ။ အခုတော့ …, လက်ထပ်ဖို့ ပိုက်ဆံစုနေတယ် … တဲ့။ ကုမ္ပဏီကားမောင်းပြီးတော့ …။ ဟင်း ဟင်း … အိုရချည်သေးရဲ့"

ကျွန်တော် အမှန်းခံရပါတော့မည်။





"အခု …၊ နင် … ဖြစ်စေချင်တာတွေ၊ သူ့ကို၊ ဖြစ်အောင်၊ မလုပ်ခိုင်းဘဲ၊ နင်က … နင့်ဘာသာ၊ ဖြစ်အောင်၊ မလုပ်တော့ဘူးလား"

"အန် …။ ဘာပြောတာလဲ"

"ကြော် …၊ နင့်ချစ်သူက၊ စီးပွားကောင်းကောင်း မရှာတတ်တော့။ သူ့ဘာသာ … ကားပဲ မောင်းနေပ့စေပေါ့။ သူ့ကို ဖြစ်စေချင်တဲ့၊ အရည်အချင်းမျိုးတွေ၊ နင့်မှာ ရှိအောင်၊ နင် မလုပ်တော့ဘူးလား … လို့ မေးတာပါ။

လက်ထပ်မယ့် … ယောကျ်ားကိုပဲ၊ ဒါတွေ … ဒါတွေ ရှိအောင် လုပ် … ဆိုပြီး၊ နင်က, ထိုင်နေမယ်ဆိုရင် …၊ နင်က …, လယ်ကွင်းကြီး ဖြစ်ပြီး၊ ယူရမယ့် ယောကျ်ားက၊ နွားလုံးလုံးဖြစ်နေမှာပေါ့။ နင်လည်း …, နှစ်ယောက်နိုးဖို့အတွက်၊ တစ်ဖက်တစ်လမ်းက, လုပ်ပေါ့"

"ဟင် …။ သူက ယောကျ်ားလေးပဲ။ သူ



www.burmeseclassic.com

www.burmeseclassic.com



. . . ဦးဆောင်ပေါ့''

''မိန်းကလေးလည်း၊ ငြူပ်သီးစားရင်၊ စပ်တယ်။ ယောက်ျားလေးလည်း၊ ငြူပ်သီးစားရင်၊ စပ်တယ်။ အားနွဲ့တဲ့၊ မိန်းကလေးမို့ ပို . . . မစပ်ပါဘူးဟာ။ အတူတူပါပဲ။

ဘယ်သူက,မှ၊ ဘယ်သူ့ကိုမှ၊ ဦးဆောင်ဖို့မလိုပါဘူး။ အတူတကွ၊ ဆိုတဲ့ . . . စိတ်နှလုံးလေး ရှိထားရင် . . .၊ သူတစ်ပါး အားကိုးချင်စိတ် လျော့သွားမယ်။ သူတစ်ပါး အားကိုးချင်စိတ်တွေ၊ လျော့သွားကြရင်၊ တိုင်းပြည်ပါ . . . တိုးတက်တယ်။

နင့်လို၊ ယူမယ့် လင်ကို၊ အားကိုးဖို့၊ ထိုင်စောင့်နေတဲ့သူတွေကြောင့် . . .၊ အမျိုးသမီးတချို့ဘဝ . . . မတိုးတက်''

ဆက်မပြောပါရစေနဲ့တော့။ ကျွန်တော် ထပ်မံ အမှန်းခံလိုက်ရပြန်သည် . . . ဟုသာ၊ တွေးမှတ်လိုက်စေချင်ပါသည်။ ကျွန်တော် . . . အခုအချိန်အထိ၊ စကားပြော၊ မဆင်ခြင်တတ်သေးပါ။ အားနွဲ့သူ





အားကို၊ စကားကြမ်းကြမ်း ပြောခဲ့မိလေခြင်း . . .။ ။

2011- Apr 16

3:30 (p.m)

[၂၀၁၁၊ (ဖွန်) Beauty Max–မဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# ဘုရင်

www.burmeseclassic.com

www.burmeseclassic.com

[၁]

ရာဇဝင် ဇာတ်ကားတွေကိုကြည့်ပြီး၊ ကျွန်တော် ဘုရင် ဖြစ်ချင်ခဲ့သည်။

ည . . . ဘုရားရှိခိုးရင်တောင်၊ ဘုရင်ဖြစ်ပါစေလို့ ဆုတောင်းပြီးမှ၊ အိပ်ရာဝင်တာ။

ငါ ဘုရင်ဖြစ်ရင် . . . လို့ တစိမ့်စိမ့်တွေးပြီး၊ အိပ်မှ အိပ်ပျော်တာ။

ဟိုးတုန်းက၊ ရာဇဝင်ကားတွေထဲ၊ ခင်မောင်ဇင်ဆိုတဲ့ ရုပ်ရှင်မင်းသားကြီး၊ ဘုရင်လုပ်တဲ့ ဇာတ်ကားတွေ၊ ကြည့်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဘုရင်တစ်ပါးပါ။ ပါဝင်တဲ့ ရုပ်ရှင်ဇာတ်ကား။ တစ်ကားလောက် ကြည့်ပြီးခဲ့ပြီဆိုရင်၊ အိမ်ပြန်ရောက်တာနဲ့ ကျွန်တော် ဘုရင်လုပ်တမ်း ကစားတော့တာပဲ။

❑

သရက်ကိုင်းတွေ ခုတ် ဖြတ်၊ သရက်ရွက်တွေ ခြွေ ပြီးတော့ တုတ်ချောင်းလေးတွေနဲ့ သရက်ရွက်တွေကို တဲ့။ မကိုင်ရှ ... စလွယ် ... ဆိုတာတွေကို၊ အဲဒီ သရက်ရွက်တွေကို တုတ်ချောင်းလေးတွေနဲ့ တဲ့ပြီး။ လုပ်တာလေ။

"ငါလည်း ဘုရင် လုပ်ချင်တယ်"

တစ်ယောက်ယောက်က ဘုမသိ ဘမသိ စင်ပြိုင် ဆန္ဒလေး မတောက်တခေါက်နဲ့ အနားမှာ လာပြီး တင်ပြလို့ကတော့ ကျွန်တော် ချက်ချင်း အမိန့် ထုတ်ပစ်လိုက်သည်။

"ဘုရင် လုပ်ချင်ရင် မပါနဲ့၊ ဒီကစားဝိုင်းမှာ





ငါ ဘုရင်ပဲ၊ မင်း ပါချင်ရင် စစ်သူကြီးလုပ်၊ အိမ်ရှေ့ မင်းသားလုပ်"

ကျန်တဲ့ ကစားဖော်တွေက ငြိမ်သက်သလောက် အဲဒီ့ သောင်းတန် ဆိုသော ကောင်က ကျွန်တော့်ကို မကျေမနပ် လာဖြစ်နေတာ။

"အကုန်လုံး ရွယ်တူချည်းပဲ၊ မင်းက ဘာဖြစ်လို့ ဘုရင် လုပ်ရတာလဲ၊ ငါလည်း မင်းနဲ့ ရွယ်တူပဲ"

ဘုရင်ဆိုတာ ဘာမဟုတ်တဲ့ကောင် တစ်ကောင်ကို အဖက်လုပ်ပြီး စကား ပြောလေ့မရှိဘူးဆိုတာ ကျွန်တော် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ ကြည့်ဖူး သိဖူးထားသည်လေ။ အဲဒါကြောင့် အဲဒီ သောင်းတန် ဆိုတဲ့ ကောင်ကို ကျွန်တော် ဘာစကားမှ ပြန်မပြောဘဲ၊ လက်ပိုက်နေလိုက်သည်။

လက်ပိုက်ထားရင်းက အနားမှာရှိတဲ့ မှူးမတ်သေနာပတိတွေကို 'ဟော့ကောင်တွေ ငါ ဘာဖြစ်လို့ ဘုရင် လုပ်ရတယ်ဆိုတာ ပြောပြလိုက်စမ်း' ... ဆိုတဲ့ မျက်နှာထားမျိုးနဲ့ စိုက်ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် မျက်နှာမှာ ထုံးတွေ
သုတ်ပြီး ပုဏ္ဏားဖြူ၊ ပုဏ္ဏားညို လုပ်ကြသည့် ချွန်တွန်းနှင့် ချောင်
တွန်းတို့ ညီအစ်ကိုနှစ်ယောက်က ကျွန်တော် ဘုရင် လုပ်ဖြစ်ရသော
အကြောင်းကို ချက်ချင်း ပြိုင်တူ ကြေညာပစ်လိုက်သည်။

"ကံမြင့်က ငါတို့ကို ပိုက်ဆံ တစ်ယောက်
တစ်ရာ ပေးထားတာကွ၊ ပြီးတော့ . . . ဘုရင် အဝတ်
အစားလုပ်ဖို့ သရက်ရွက် သီပေးတဲ့ သူကိုလည်း
သူက ငါးဆယ် ပိုပေးတယ်၊ မင်း ဘာမှ မသိဘဲနဲ့
လာမရှုပ်နဲ့"

သောင်းတန်က . . .

"ပိုက်ဆံ ပေးနိုင်တိုင်း ဘုရင် မဖြစ်ဘူးကွ
သံလျက် ရှိမှ ဘုရင်ဖြစ်တာ"

"မင်းမှာ သံလျက်ရှိလို့လား"

"ရှိတယ်"

သူ့အဖေ ပန်းရံလုပ်သော သန်းလျက်ကို သောင်းတန် ယူ
လာခြင်း ဖြစ်လေသည်။ ကျွန်တော် အင်္ကျီအိတ်ထဲမှ တစ်ရာတန်





တစ်ရွက်ကို ထုတ်လိုက်၏။

သောင်းတန် လက်ထဲမှ သံလျက်ကို ယူပြီး ထိုတစ်ရာတန်
ငွေစက္ကူကို သောင်းတန်၏ အင်္ကျီအိတ်ထဲသို့ ထည့်ပေးလိုက်သည်။

"ငါ့ကို၊ အဲဒီ့ သံလျက် ငှား"

သောင်းတန်၏ နှုတ်ဖျားမှ ငြင်းဆန်သံ မကြားရ။

"မင်းကြီးများ"

"ဘုရား . . ."

"ငါကိုယ်တော်မြတ် တိုင်းခန်း လှည့်လည်
တော် မူမယ်"

"ဘာနဲ့ လှည့်မှာလဲ"

"လမ်းလျှောက်ပြီး လှည့်မှာပေါ့ကွ"

"လမ်းလျှောက်ပြီး လှည့်လို့ မရဘူး"

"ဘာဖြစ်လို့လဲ"

"ဒေါ်အေးသန်းတို့ အိမ်ရှေ့ရောက်ရင် ခွေး
ကိုက်လိမ့်မယ်"

"အဲဒါဆိုလည်း ဒီသရက်ပင် အောက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မြေစိုက်နှန်းနဲ့ နေတော့မယ်။ . . . မင်းကြီးများ''

''ဘုရား''

''အားလုံး ထိုင်ကြ''

❑ ❑ ❑



(၂)

ထိုအမူအကျင့်လေးကို အစွဲအလမ်းပြုလျက်၊ တိုင်းပြည်ညို့ရှင် လုပ်ချင်စိတ်တွေ၊ အရွယ်ရောက်သည်အထိ ကျွန်တော့်မှာပျောက်၊ ဘုရင် ဖြစ်ပါစေ ဘုရား . . . ဟု ညစဉ် ညတိုင်း ဆုတောင်းပြု၊ အိပ်ရာ ဝင်စမြဲ။ စိတ်စွဲပြီးမှ အိပ်ပျော်စမြဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

[၃]

တစ်ညသောအခါ၌၊ အိပ်မက်ထဲတွင်၊ ကျွန်တော် ဘုရင်
ဖြစ်သွားလေတော့သည်။ ဘယ်တိုင်းပြည်မှာ ဖြစ်သည်လဲတော့ မသိ
ဘောလိဝုဒ် မင်းသမီးလေးယောက်နှင့်အတူ ဘိသိက်ခံရသည်ဟု မထ
သဖြင့် ဘယ်နိုင်ငံမှာ ဘုရင်ဖြစ်သည်လဲဆိုတာ၊ ကိုယ့်တာသာ စဉ်းစား
ကြည့်ကြပေတော့။

သီရိ ဗျတ္တိ သတ္တိမဟာ ဓမ္မရာဇာ ဓိပတိဘွဲ့ကို ခံယူလျက်
ဘိသိက် သွန်းလေ၏။ ငယ်ငယ်က ဗေဒင် တွက်ပေးခဲ့သည့်
ဆရာတော် ဦးပညာကို မင်းဆရာ (သာသနာပိုင် အဖြစ်) လျှောက်ထား





ခန့်အပ်ကာ၊ ရိုသေစွာ ကိုးကွယ်ခဲ့လေသည်။

"ဟဲ့ ဘုရင်"

"ဘုရား"

"ကောင်းကောင်း အုပ်ချုပ်နော်"

"မှန်ပါ ဘုရား"

"မယားလည်း အရမ်း မကြောက်နဲ့၊ စကား
လည်း အရမ်း မခြောက်နဲ့၊ မယား အရမ်းကြောက်
တော့ ညီတူ ညီသား ပြုံးတတ်တယ်၊ စကား အရမ်း
ခြောက်တော့ ပြည်သူ ပြည်သား မုန်းတတ်တယ်"

"စိတ်ချတော်မူပါ ဘုရား၊ လုံးဝ မမုန်းစေရ
ပါဘူး။ ပြည်သူ ပြည်သား အားလုံးကို လွတ်လွတ်
လပ်လပ် ဘောလုံး ကြည့်ခွင့် ပေးထားပါတယ် ဘုရား"

"အိမ်း ... အလောင်းအစားတော့ မပါစေ
နဲ့ကွ"

"မှန်ပါ၊ အချင်းချင်းပဲ လက်တို့ လောင်းခိုင်း
ပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သယ် . . . ဒီဘုရင်ကတော့ နောက်ရွတ်ရွတ်နဲ့"

❑

ဆရာတော်ကို ကျီစယ်မိခြင်းသာ ဖြစ်၏။ ကျွန်တော် သေသေချာချာ အုပ်ချုပ်ပါသည်။ ခိုးသား ဓားပြ၊ သူပုန် သူကန် တွေ့လို့ကတော့၊ သေဒဏ်ပဲ။ တခြား တိုင်းပြည်က ရှိရှိသမျှသဲ့ လုပ်လို့ကတော့ စစ်ချီပြီး အပြီး တိုက်ပစ်လိုက်တာပဲ။

အထောက်တော်တွေ၊ သံတော်ဆင့်တွေ အပြည့်နဲ့၊ တိုင်းပြည်ကို၊ ဒေါက်ထောက်ထားတာ။ မင်းညီ မင်းသားတွေ လာဘ်စားတယ် ကြားလို့ကတော့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် လျှာတွေ ဖြတ်ပစ်လိုက်တာ။

ပြည်သူ ပြည်သားကလည်း ချစ်၊ ကြောက်၊ ရှိသေ။ တခြား တစ်ပါးက တိုင်းပြည်တွေကတော့ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြ





သည်။ ကြောက်ဆို ဘိသိက် ခံယူထားတဲ့ ဘွဲ့ကိုလည်း ကြည့်ဦးလေ၊ သိရီ ဇျွတ္တိ သတ္တိမဟာ ဓမ္မရာဇာ ဓိပတိတဲ့။ ကြားသည့်သူတိုင်း ဖြုံသွားမည်။

❑

"ဟဲ့ ဘုရင်"

"ဘုရား"

"နင်တော့ ငရဲ ကျတော့မှာပဲ"

"ဘာဖြစ်လို့ ငရဲ ကျမှာလဲ ဘုရား၊ တပည့်တော်ကို၊ တိုင်းပြည်က ချစ်ပါတယ် ဘုရား။ ဥပဒေကို၊ မလိုက်နာတဲ့ သူပုန် သူကန်တွေကတော့၊ မုန်းကြမှာပေါ့ ဘုရား . . .၊

မင်း ဘုန်းကြီးလျှင်၊ ရန်မီး မုဒိမ်း၊ ဘေးခပ်သိမ်းသည်၊ မြိမ်းကာ ချောက်ကာ၊ ပျောက်ပျက်ရော



www.burmeseclassic.com

www.burmeseclassic.com



ဓါး . . . တဲ့၊ တပည့်တော် နာမည်နဲ့ လိုက်အောင်တော့ စီရင်မိပါတယ် ဘုရား''

''အေး . . . ငါ မိန့်ချင်တာလည်း အဲဒါပဲ၊ မင်း ဘုရင် လုပ်နေသမျှတော့၊ အ,ကုသိုလ် တစ်ခု မဟုတ် တစ်ခု၊ ကျူးလွန်နေရဦးမှာပဲ . . .၊

တိုင်းသူပြည်သားကို ဘယ်လို စောင့်ရှောက် စောင့်ရှောက်၊ ပြည့်အန္တရာယ်တွေကိုတော့၊ မင်း သတ်ဖြတ် ဖြိုခွင်းရတာပဲ မဟုတ်လား''

''မှန်ပါ။ ဒါ မမွှာဘာပါ ဘုရား''

''အေး။ မကောင်းမှုကို သားသမီး ပြုရင်၊ မိဘ ပြုသည် မည်၏တဲ့။ မကောင်းမှုကို တပည့် ပြုမိရင်၊ ဆရာ ပြုသည် မည်၏တဲ့။ မကောင်းမှုကို တိုင်းသူပြည်သား ပြုရင် ရှင်ဘုရင် ပြုသည် မည်၏ တဲ့ . . .၊

စကြဝဠာ မင်းစည်းစိမ်ကိုတောင် အရိယာ သူတော်စင်တွေက ကြည့်ငေးပြီး သနားမိကြတယ်





တဲ့''

''ဘာကြောင့်ပါလဲ ဘုရား''

''အပါယ်ငရဲကျမှာ စိုးလို့ပေါ့ကွယ်၊ ရှေးရှု မမွှာ၊ ကရုဏာနဲ့ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင် မသို၊ ဟုတ်တိုင်း ဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာ ဟူလောတဲ့။

ငါ၊ မင့် ဆရာ ပီသချင်လို့၊ မင့် အပြစ်ကို၊ ငါ, ထောက်ပြတာပဲ''

''တပည့်တော် မတရား ဘာမှ မလုပ်ပါဘူး''

''မင်းကိုယ်တိုင် မလုပ်ပေမဲ့ လုပ်စေလို့ အမိန့် စကား ထားမိရင်လည်း၊ အဲဒါ အ,ကုသိုလ်ပဲပေါ့၊ ငါ့တပည့်ရဲ့၊ အ,ကုသိုလ် ဆိုတာ . . . ဘယ် အ, ကုသိုလ် ဖြစ်ဖြစ် ငရဲကျတတ်တယ်''

''တိုင်းပြည်အတွက်၊ ပြည်သူ ပြည်သား အတွက် ကျူးလွန်မိတဲ့ အ,ကုသိုလ်ကလည်း ငရဲကျ တာပဲလား ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ကျွတာပေါ့ကွာ၊ အပါယ် ငရဲဆိုတာ သိ
ကြောက်ဖို့ ကောင်းတဲ့ နေရာ၊ ဘယ်သူ့ကိုမှ 
မရောက်စေချင်ဘူး"

"ငရဲ ဆိုတာ တော်တော် ပူပြင်းလို့လာ
ဘုရား"

"ပူပြင်းတယ်၊ လောင်ကျွမ်းတယ်၊ ပြင်းထ
တယ်၊ ရှည်ကြာတယ်ကွ"

"ဘယ်လောက်တောင် လောင်ကျွမ်းနိုင်
သလဲ ဘုရား။ ပြီးတော့ ဘယ်လောက်တောင် ပြင်
ထန်ပြီး ဘယ်လောက်တောင် ကြာရှည်တတ်လို့လဲ"

"မိုးရေစိုရွှဲနေတဲ့ သစ်လုံးတွေကို တောင်
ယာပုံ၊ ပုံပြီး မီးရှို့ရင်၊ မလောင်ကျွမ်းပေမဲ့၊ ငရဲ
အပူမီးလေးနဲ့တွင်၊ အဲဒီ မိုးရေ စိုရွှဲနေတဲ့ သစ်လုံး
တွေ အားလုံး၊ တစ်မုဟုတ်ချင်း လောင်ကျွမ်းပြာဖြ
တယ်ကွ ...။

နိုးသား ဓားပြ တစ်ယောက်ကို၊ မနက်၊ နေ့





ည ... လုံတဲ့ အချောင်း တစ်ရာစီ ခန္ဓာကိုယ်ကို
ထုတ်ချင်းပေါက် ထိုးသတ် စီရင်တဲ့ ဝေဒနာမျိုးထက်
ငရဲကျတဲ့ ဝေဒနာက ပိုပြင်းထန်တယ် ...။

နွားလှည်းတစ်စီး အပြည့် နှမ်းတွေ တင်၊
နှစ်တစ်ရာမှာ တစ်စေ့ လွှင့်ပစ်၊ အဲဒီ လှည်းပေါ်က
နှမ်းတွေ ကုန်သွားတာတောင်၊ ငရဲသက် တစ်သက်
က မကုန်နိုင်ဘူးတဲ့ ...။

မင်း အဲဒါတွေကို မသိချင်ယောင် ဆောင်
ထားသလား ငါ့တပည့်"

"မသိချင်ယောင် ဆောင်တာမျိုးတော့
မဟုတ်ပါဘူး ဆရာတော် ဘုရား။

တိုင်းကျိုး ပြည်ကျိုး မျှော်ကိုးပြီး လုပ်ရတဲ့
အ,ကုသိုလ်မို့ အပယ် မကျနိုင်ဘူးလို့ ထင်မှတ်ထား
မိတာပါ ဘုရား"

"ဟဲ့၊ ဘယ်လူ, ဘယ်နတ်, ဘယ်မင်း
ဖြစ်ဖြစ်၊ အ,ကုသိုလ်ကို ဘယ်သူ့ကိုယ်စား လုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အတွက် လုပ်လုပ် ငရဲ ကျတတ်တာပဲ၊ ဘုရင် လုပ်ရတာ ခဏလေး၊ ငရဲသက်က ကုဋေချီ တယ်ကွ၊ မင်း သိရဲ့လား''

''တဖြည်းဖြည်း သိလာပါပြီ ဘုရား''

''အေး သိရင်လည်း ဘုရင် မလုပ်နဲ့တော့၊ လုပ်ချင်သေးတယ် ဆိုရင်လည်း သူတစ်ပါးကို အုပ်ချုပ်တဲ့ ဘုရင်မျိုးတော့ လုပ်မနေနဲ့၊ ကိုယ့်ကိုယ်ကိုယ် အုပ်ချုပ်တဲ့ ဘုရင်လုပ်၊ ကာယ၊ ဝစီ၊ မနော၊ သုံးခုလုံးကို စိုးပိုင် ချုပ်ကိုင်နိုင်တဲ့ အရိယာ ဘုရင် မျိုးပဲလုပ်၊ ကြားလား''

''တင်ပါ့ ဘုရား၊ တပည့်တော် သူတစ်ပါးကို အုပ်ချုပ်တဲ့ ဘုရင် မလုပ်ချင်တော့ပါဘူး ဘုရား''

❒





''မလုပ်ချင်တော့ပါဘူး ဘုရား၊ မလုပ်ချင်တော့ပါဘူး ဘုရား၊ မလုပ်ချင်တော့ပါဘူး ဘုရား''

အိပ်မက်က နိုးသည်နှင့် ကျွန်တော့်မှာ ဘုရင် လုပ်ချင်စိတ် မရှိတော့ချေ။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

[၄]

ဆရာတော် ဦးပညာ မိန့်ကြားခဲ့သော ကာယ၊ ဝစီ၊ မနော . . . စသည့် ကံသုံးပါးကိုသာ စိုးပိုင် အုပ်ချုပ်နိုင်သည့် အရိယာ သူတော်စင် ဘုရင် တစ်ပါး မဖြစ်ခဲ့သည့်တိုင် ကြီးမားသော ကံဆိုး ကံမှားများကို မကျူးလွန်မိအောင် သတိကြီးကြီးဖြင့် ကြိုးစား၍သာ ထိန်းသိမ်းနေချင်ပါတော့သည်။

'ငရဲသက်က ကုဋေ ချီတယ်ကွ' . . . တဲ့။ အိပ်မက်ထဲမှာ ဆရာတော် ဦးပညာက သေသေချာချာ မိန့်ကြားခဲ့သည်လေ။ ∎

[၂၀၁၁၊ (ဇွန်) - အဲမို့စင်မဂ္ဂဇင်း]

ဆေးဝါးခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)

mhm.ccc@gmail.com

[http://chin choung chan.word press.com]



BURMESE CLASSIC .com

www.burmeseclassic.com